# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၅၉)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၂၀-၈-၂၀၂၄၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၉**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးအောင်ကျော်ဟိုးနှင့် ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်တို့က ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသမီး အကောင်းဆုံးဂိုးသမားဆု၊ အမျိုးသား အကောင်းဆုံးဂိုးသမားဆု၊ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆု ရရှိကြသူများအား လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့်

**စာမျက်နှာ ၄ သို့** ☸



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၉ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ အင်္ဂါနေ့။

## ပြည်တွင်းစားသုံးဆီဖူလုံစေရေး မျှော်မှန်းချက်အောင်မြင်စေရန် ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံးရေး မျှော်မှန်းချက်အောင်မြင်စေရန် နေကြာသီးနှံကို သီးညှပ်စိုက်ခြင်းထက် သီးထပ်သီးနှံအဖြစ် ထိထိရောက်ရောက် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် စိုက်ဧကများ လျာထားသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်သည်။

တိုင်းဒေသကြီး ပြည်နယ်အသီးသီး၌ နေကြာသီးနှံစိုက်ပျိုးခြင်းကို ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးနှင့် ဆောင်းစိုက်ဧက ၁ ဒသမ ၀၉ သန်း လျာထားဆောင်ရွက်လျက်ရှိပြီး နှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကာ ၂၀၂၇-၂၀၂၈ ခုနှစ်တွင် မိုးနှင့် ဆောင်း စုစုပေါင်း စိုက်ဧက ၃ ဒသမ ၀၇ သန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေကြာပွင့်များ အစေ့အဆန်ပြည့်အောင်မြင်ပြီး ဆီထွက်နှုန်းကောင်းမွန်စေရန်အတွက် ဝတ်မှုန်ကူးစက်မှုအကျိုးပြု ပျားမွေးမြူရေးကို တောင်သူများ တွဲဖက်လုပ်ကိုင်နိုင်ရေးစီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ဝတ်မှုန်ကူးအင်းဆက်ပိုးမွှားများ ရှင်သန်ပေါက်ပွားမှုကို ထိခိုက်စေသည့် ပိုးသတ်ဆေးသုံးစွဲမှု လျှော့ချနိုင်ရေးအတွက်ကိုလည်း တောင်သူများကို အသိပညာပေးစည်းရုံးသွားရန် လိုအပ်ကြောင်း၊ ဝါသီးနှံတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းကို ၂၀၂၃-၂၀၂၄ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်ထိ နှစ်အလိုက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံး၌ ဝါစိုက်ဧက ၇၀၀၀၀၀ စိုက်ပျိုးသွားနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာတွင် ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းနို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုမြင့်မားလာစေရေးနှင့် ပြည်ပမှ နို့ထွက်ပစ္စည်းများ တင်သွင်းမှုလျှော့ချနိုင်ရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများအပါအဝင် ဒေသငါးခုတွင် နို့စားနွားမကောင်းရေ ၆၀၀၀၀ ကျော် တိုးချဲ့မွေးမြူခြင်းကို ခရိုင်အခြေပြု မေထုန်မဲ့သားစပ်လုပ်ငန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်၍ သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်တာဝန်ရှိသူများအနေဖြင့် လိုအပ်ချက်များ ကြိုတင်စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေး မျှော်မှန်းချက်အောင်မြင်စေရန်၊ သီးနှံအလိုက် မျိုးကောင်းမျိုးသန့်မျိုးစေ့နှင့် သွင်းအားစုများ သုံးစွဲနိုင်ရန်၊ စိုက်ပျိုးရေရရှိရေးနည်းလမ်းများ အသုံးပြုရန်နှင့် နည်းပညာ လိုအပ်ချက်ကူညီဖြည့်ဆည်းပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အခမ်းအနားမှူးသင်တန်းဖွင့်လှစ်



**မန္တလေး ဩဂုတ် ၁၉**

မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာမများအား အခမ်းအနားမှူးတာဝန်များ အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် အခမ်းအနားမှူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက လူထုအခြေပြုဗဟိုဌာန သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး (ပညာ)က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းကို စတင်ပို့ချရာ လက်ထောက်ညွှန်ကြားရေးမှူးက အခမ်းအနားမှူး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အခမ်းအနားမှူးတစ်ယောက်တွင် ရှိရမည့် အဓိကအရည်အချင်း(၃)ရပ်၊ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာများ၊ မြန်မာစာ မြန်မာစကားကို ဌာန်ကရိုဏ်းကျကျ၊ အသံထွက်မှန်မှန်၊ သဒ္ဒါမှန်မှန်၊ အဖြတ်အတောက်မှန်မှန် သုံးစွဲနိုင်စေဖို့ အကြောင်းအရာများကို လည်း ကောင်း၊ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ယဉ်ကျေးစွာ ပြောဆိုဝတ်စားဆင်ယင်ဖို့၊ အသုံးအနှုန်းဝေါဟာရများ မှန်ကန်စွာ သုံးစွဲပြောကြားနိုင်စေဖို့၊ လေယူလေသိမ်း မှန်ကန်စေဖို့၊ အသက်ရှူ/ထုတ် စနစ်ကျစေဖို့နှင့် မိုက်ကရိုဖုန်း အသုံးပြုပုံကအစ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ (၃)ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး ဆုရရှိသည့် ဆရာမများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မြရည်နန္ဒာအိမ်ရာအတွင်း နေထိုင်သူများအတွက် မြရည်နန္ဒာပုံကျဈေး စတင်ရောင်းချခွင့်ပြု



**မန္တလေး ဩဂုတ် ၁၉**

မြရည်နန္ဒာအိမ်ရာအတွင်း နေထိုင်သူများအတွက် မြရည်နန္ဒာပုံကျဈေးသစ်ကို ၁၁၈ လမ်း၊ ၄၆-A လမ်း၊ မမ-၂၇ အကွက်၌ ယနေ့ နံနက်ပိုင်းက တရားဝင် စတင်ရောင်းချခွင့်ပြုခဲ့သည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

မြရည်နန္ဒာအိမ်ရာအတွင်း နေထိုင်ကြသည့် ပြည်သူများနှင့် ဈေးရောင်းချသူများ စနစ်တကျ ဈေးရောင်းဈေးဝယ်ပြုလုပ်နိုင်ရန် အတွက် မြရည်နန္ဒာအိမ်ရာ အတွင်း သင့်တော်လစ်လပ်သော နေရာတွင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်က ပြောသည်။

"အရင်က တန်ဖိုးနည်းအိမ်ရာရဲ့ လမ်းဘေးမှာရောင်းကျတော့ စည်ပင်က လာရှင်းရင် သူတို့ကလည်း ထွက်ပြေးရတယ်။ ကျွန်တော်တို့ကလည်း သိမ်းရတယ်၊ ရှင်းရတယ်။ ပန်းခြံထဲမှာလည်း သူတို့ပစ္စည်းတွေ ပုံထားတယ်။ ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ ရပ်ကွက်ကသူတွေကလည်း တောင်းဆိုလာကြတယ်။ သူတို့ကို ဈေးတစ်ဈေးစီစဉ်ပေးပါ၊ တခြားဈေးသွားရတာဝေးတယ်၊ ရပ်ကွက်ထဲမှာ ဈေးတစ်ဈေးတည်ဆောက်ပေးပါလို့ပြောလာတော့ ဌာနကနေ ကော်မတီကို တင်ပြပြီးတော့ အဲ့ဒီနေရာကို ရွေးချယ်ပြီး နေရာချထားပေးပါတယ်။ ဈေးက နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်ရောင်းချပါတယ်"ဟု ဦးသက်နိုင်က ပြောသည်။

အဆိုပါ ပုံကျဈေးသစ်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဩဂုတ် ၁၆ ရက်မှာ ဈေးရောင်းချသူ (၁၁၈)ဦးအတွက် နေရာချထားပေးခဲ့ရာ ဩဂုတ် ၁၉ ရက်တွင် တရားဝင်ရောင်းချခွင့်ပြုခဲ့ပြီး ထပ်တိုးလာသော ဈေးဆိုင်များအတွက်လည်း ဆက်လက်နေရာချထားပေးသွားမည်ဟု သိရသည်။ **(ဝဲပုံ)**

မြရည်နန္ဒာတန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမြှင့်အိမ်ရာတွင် တိုက်ခန်း(၁၉၅)လုံး၊ အခန်းပေါင်း(၄၇၆၈)ခန်းရှိပြီး မန္တလေးမြို့ခံများ၊ အနယ်နယ်အရပ်ရပ်မှ ပြောင်းရွှေ့လာသူများ၊ ဝန်ထမ်းမိသားစုများစွာနေထိုင်လျက်ရှိပြီး စတိုးဆိုင်၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင်၊ ဆေးခန်း၊ အလှပြင်ဆိုင်၊ ပုံကျဈေးဆိုင်များဖြင့် စည်ကားသောအိမ်ရာတစ်ခု ဖြစ်သည်။

**(မန္တလေးနေ့စဉ်-၅)**

## ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုအား ကွင်းဆင်းစစ်ဆေး



**မန္တလေး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ သာလှအေးကျေးရွာ၊ ကွင်းအမှတ် (၅၇၀-စ)တွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးလျက်ရှိသော တောင်သူ ဒေါ်တင်အေး၏ လယ်မြေနှင့် စပါးစိုက်ပျိုးနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးသည့် စက်ယန္တရားများဖြင့် ထွန်ယက်နေသည့် တောင်သူ ဒေါ်မာမာအေး၏ လယ်မြေများအား ယနေ့ နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် အမရပူရမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွှန့်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါက်တာမိုးဆွေရီ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဆယ်တင်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်ဝင်း၊ စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသွင်မောင်မောင်ထွန်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး ရေအရင်းအမြစ်ဦးစီးဌာနမှ ပံ့ပိုးကူညီထားသည့် Solar Pumpဖြင့် စပါးပျိုးခင်းများတွင် ရေများရေတင်ထားရှိမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စိုးသီဟ(အမရ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International Concern-PHEIC)အဖြစ် ကြေညာထားသော Mpox(မျောက်ကျောက်)ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၈-၂၀၂၄)

၁။ (၂၀၂၄)ခုနှစ်အတွင်း ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ(DRC)နှင့် အာဖရိကတိုက်ရှိ နိုင်ငံများတွင် Mpox(မျောက်ကျောက်)ရောဂါ ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်တက်လာခြင်း၊ ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းတွင် ရောဂါပိုးမျိုးကွဲအသစ်(Clade Ib) လျင်မြန်စွာကူးစက်ပျံ့နှံ့လာပြီး နယ်စပ်ဖြတ်ကျော်နှင့် နိုင်ငံတကာကူးစက်ပျံ့နှံ့မှုများရှိနေခြင်းတို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၂၄)ခုနှစ်၊ ဩဂုတ်လ၊ (၁၄)ရက်နေ့တွင် Mpox(မျောက်ကျောက်)ရောဂါ ကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Mpox(မျောက်ကျောက်)ရောဂါအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ(PHEIC)အဖြစ် (၂၀၂၂)ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် ပထမအကြိမ်ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် ဖျားခြင်းနှင့် အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း(Fever with Vesicular Rash Surveillance)လုပ်ငန်းအား နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားမှုသိသာစွာ ကျဆင်းလာသည့်အတွက် (၂၀၂၃)ခုနှစ်၊ မေလ(၁၁)ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေမှ ဖြေလျှော့ခဲ့သော်လည်း မြန်မာနိုင်ငံတွင် ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာ (၂၀၂၂)ခုနှစ်မှ လက်ရှိအချိန်အထိ သံသယလူနာများ၏ ဓာတ်ခွဲနမူနာ (၁၂၉)ခုအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် Mpox (မျောက်ကျောက်) ရောဂါ အတည်ပြုလူနာ မရှိသေးကြောင်း တွေ့ရှိရပါသည်။

၃။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါဖြစ်ပွားနိုင်ခြေ သတ်မှတ်ချက်အရ Mpox(မျောက်ကျောက်) ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေ နည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်/ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုအား နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူနာတွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် သီးခြားလူနာဆောင်များ၊ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိခြင်း၊ ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေးနည်းလမ်းများအား ကျန်းမာရေးအသိပညာပေးခြင်းတို့အား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

၄။ Mpox(မျောက်ကျောက်)ရောဂါသည် လိင်မှတစ်ဆင့် ကူးစက်ခြင်း၊ အရေပြားထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းတို့ဖြင့် ကူးစက်ခြင်း၊ ရောဂါပိုးကပ်ငြိနေသော အရာဝတ္ထုများကို ကိုင်တွယ်ထိတွေ့ခြင်း၊ ရောဂါပိုးကူးစက်ခံရသော တိရစ္ဆာန်နှင့် တိုက်ရိုက် ထိတွေ့ခြင်းတို့ဖြင့် ကူးစက်ခြင်းများအားဖြင့် အဓိက ကူးစက်နိုင်ပါသည်။

၅။ Mpox(မျောက်ကျောက်)ရောဂါသံသယလက္ခဏာခံစားနေရသူနှင့် အနီးကပ်ထိတွေ့မှုကို ရှောင်ကြဉ်ခြင်း၊ အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(mask) ကို တပ်ဆင်ခြင်း၊ လက်ကို ဆပ်ပြာနှင့် ရေ(သို့မဟုတ်) ရေမလိုလက်သန့်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောခြင်း၊ သံသယရောဂါလက္ခဏာ ခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုယ်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းတို့ဖြင့် ရောဂါကူးစက်မှုမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

၆။ ပြည်သူလူထုအနေဖြင့် ဖျား၍ မျက်နှာ၊ လက်၊ ခြေထောက်၊ ပါးစပ်နှင့် လိင်အင်္ဂါများတွင် အနီကွက်များနှင့်အတူ အရည်ကြည်ဖုများပေါက်ခြင်း၊ ပြန်ရည်အိတ်(lymph node)များ ရောင်ရမ်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ကိုက်ခဲခြင်း၊ မောပန်းနွမ်းနယ်ခြင်း အစရှိသော လက္ခဏာများရှိခြင်း၊ ဖျားခြင်းနှင့် အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာခံစားနေရသူများ (အထူးသဖြင့် ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ လွန်ခဲ့သော ၂၁ ရက်အတွင်း ပြန်လာသူများ) နှင့် ထိတွေ့မိခြင်းရှိပါက နိုင်ငံတကာ(သို့မဟုတ်) ပြည်တွင်းခရီးသွားခြင်းကို ရှောင်ကြဉ်သင့်ပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့၍ ကုသမှုခံယူကြပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## Mpox(မျောက်ကျောက်)ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၉**

Mpox(မျောက်ကျောက်)ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက Mpox (မျောက်ကျောက်)ရောဂါသည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ကြောင်းကို ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ဗဟိုအာဖရိကနှင့် အနောက်အာဖရိကတွင် ပုံမှန်အနေဖြင့်သာ ကူးစက်ဖြစ်ပွားလေ့ရှိသော ရောဂါအဖြစ်ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အခြားနိုင်ငံအချို့သို့ပါ ကူးစက်ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကပ်အသွင် ကူးစက်ဖြစ်ပွားခဲ့၍ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (PHEIC) အဖြစ်သတ်မှတ်ကြေညာ၍ တုံ့ပြန်ဆောင်ရွက်ခဲ့ရာဖြစ်ပွားမှုသိသာစွာ ကျဆင်းလာသည့်အတွက် ၂၀၂၃ ခုနှစ် မေ ၁၁ ရက်တွင် PHEIC အခြေအနေမှ ရုပ်သိမ်းခဲ့ကြောင်း။

ယခု ၂၀၂၄ ခုနှစ်အတွင်း ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ(DRC) နှင့် အာဖရိကတိုက်ရှိ နိုင်ငံများတွင် Mpox(မျောက်ကျောက်) ရောဂါကူးစက်ဖြစ်ပွားမှု အရှိန်မြင့်တက်လာခြင်း၊ Mpox(မျောက်ကျောက်)ရောဂါ၏ မျိုးကွဲအသစ် (Clade Ib)သည် ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် လျင်မြန်စွာကူးစက်ပျံ့နှံ့လာပြီး နယ်စပ်ဖြတ်ကျော်နှင့် နိုင်ငံတကာ ကူးစက်ပျံ့နှံ့မှုများ ရှိနေခြင်းကြောင့် နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေ(PHEIC) အဖြစ် ပြန်လည်သတ်မှတ်ခြင်း ဖြစ်သည်ဟု သိရှိရပါကြောင်း၊ မိမိတို့ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း နိုင်ငံများတွင်လည်း Mpox(မျောက်ကျောက်)ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုများ ရှိနေသည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ Mpox(မျောက်ကျောက်)ရောဂါ ကူးစက်ဝင်ရောက်ပြန့်ပွားမှု မရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ သတ်မှတ်ချက်များအရ မြန်မာနိုင်ငံတွင် Mpox(မျောက်ကျောက်) ရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေ အလွန်နည်းပါးကြောင်း၊ Mpox (မျောက်ကျောက်) ရောဂါသည် ရောဂါဖြစ်ပွားသူ လူနာနှင့် အနီးကပ်ထိတွေ့ ဆက်ဆံမှုမှတစ်ဆင့် အဓိကကူးစက်နိုင်သည့်အတွက် လူတစ်ဦးချင်းအလိုက် တစ်ကိုယ်ရေ ရောဂါကာကွယ်ရေး အသိ၊ သတိတို့ဖြင့် ပြုမူနေထိုင်၍ ကာကွယ်နိုင်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်မှ လက်ရှိအချိန်အထိ လူနာများ၏ ဓာတ်ခွဲနမူနာ ၁၂၉ ခုကို **ဓာတ်ခွဲစစ်ဆေးခဲ့ရာတွင် Mpox(မျောက်ကျောက်)ရောဂါ အတည်ပြုလူနာ တွေ့ရှိခြင်း မရှိသေးပါကြောင်း၊** ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပြုချက်များ တိကျစွာထုတ်ပြန်ထားရှိရာ မိမိတို့နိုင်ငံအနေဖြင့်လည်း ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အကြံပြုချက်များကို နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံဖြတ်ကျော် ဝင်၊ ထွက်ပေါက်များတွင် Mpox(မျောက်ကျောက်) ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ပြည်တွင်း/ပြည်ပ ခရီးသွားလာမှုကို မထိခိုက်စေဘဲ အထူးအလေးထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ကမ္ဘာ့နိုင်ငံများတွင် Mpox (မျောက်ကျောက်)ရောဂါဖြစ်ပွားမှုနှင့် မြန်မာနိုင်ငံတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။ ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက နိုင်ငံဖြတ်ကျော် ဝင်၊ ထွက်ပေါက်များ အပါအဝင် လူထုအတွင်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း တိုးမြှင့်ဆောင်ရွက်ခြင်း၊ သီးခြားထားရှိ ကုသမှုပေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ စံကိုက်ကုထုံးများ သတ်မှတ်ခြင်း၊ ရောဂါပိုးထိန်းချုပ်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ စုဆောင်းထားရှိခြင်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံအုပ်ကြီး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ"အား ဩဂုတ် ၂၃ ရက်မှ ၂၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ရော်ဘာ၊ ကော်ဖီတွဲဖက်စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေး အားပေးကူညီ

နေပြည်တော် ဩဂုတ် ၁၉

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့က ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၃၆/၄ ရှိ Three Red Star ကုမ္ပဏီလီမိတက်၏ ရော်ဘာခြံ နှင့် ရော်ဘာ၊ ကော်ဖီ တွဲဖက်စိုက်ပျိုးရေးခြံကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူများက ရော်ဘာ ဧက ၁၀၀၀ စိုက်ပျိုးထားရှိမှုနှင့် မြေပြန့်ကော်ဖီမျိုး ၁၆၅ ဧက တွဲဖက်စိုက်ပျိုးထားရှိမှု၊ ကော်ဖီအသီး စတင်ဆွတ်ခူးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးမှာကြား**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မေးမြန်းဆွေးနွေးပြီး အခြေအနေပေးသည့် ရော်ဘာခြံများအနေဖြင့် ကော်ဖီစိုက်ပျိုးလိုပါက လက်တွဲခေါ်ယူ အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ကော်ဖီစေ့ကုန်ကြမ်းများများရပါက တန်ဖိုးမြင့်ကုန်ချော ထုတ်လုပ်တင်ပို့နိုင်မည့် ဈေးကွက်ချဲ့ထွင်ခြင်းကို ဆောင်ရွက်စေလိုကြောင်း၊ နည်းပညာနှင့် လိုအပ်ချက်များရှိပါက ဌာနက ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ရော်ဘာခြံနှင့် ရော်ဘာ၊ ကော်ဖီတွဲဖက်စိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သို့ ရောက်ရှိပြီး စက်ရုံရိပ်သာခန်းမ၌ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)ရှိ သံရည်ကျိုအလုပ်ရုံ လည်ပတ်ရေးအတွက် ဌာနများအလိုက် ဆောင်ရွက်ရမည့် နည်းစဉ်များ၊ လျှပ်စစ်မီး၊ ရေ၊ ကုန်ကြမ်းများ စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ထားရှိရေး၊ ဝန်ထမ်းများအား စနစ်တကျ ပြန်လည်စုဖွဲ့၍ သံမဏိသံရည်ကျိုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) စက်ရုံဝင်းအတွင်းရှိ Substation နှင့် အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး၊ သံရည်ကျိုလုပ်ငန်းဆောင်ရွက်နိုင်ရေး၊ စက်ပစ္စည်း၊ ထရန်စဖော်မာ၊ လျှပ်စစ်လိုင်းများ စနစ်တကျစစ်ဆေးဆောင်ရွက်ရန် မှာကြားကာ စက်ရုံလုံခြုံရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် စက်ရုံဝင်းအတွင်း သံရည်ကျိုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းအိမ်ရာများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေ၊ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများလာရောက်ပေးအပ်

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီး ဌာနများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုပေးအပ်**

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်ခြောက်ဆယ့်နှစ်သိန်း တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ပြည်ထောင်စုဝန်ကြီးက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ခဲ့ရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါစားသောက်ဖွယ်ရာများကို လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



**❁ ရှေ့ဖုံးမှ**

ပဲခူးတိုင်းဒေသကြီးအသင်းအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေးက အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းအားလည်းကောင်း တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအားလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

**အနိုင်ရရှိ**

အလားတူ ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ တတိယလုပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ခုနစ်ဂိုး၊ ခြောက်ဂိုးဖြင့်လည်းကောင်း၊ အမျိုးသားဖူဆယ်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ရှစ်ဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ အမျိုးသမီးဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို မြန်မာ့ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဖူဆယ်အားကစားသမားများအချင်းချင်း သွေးစည်းညီညွတ်မှုရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားလာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖူဆယ်အားကစားနည်း ပိုမိုပြန့်ပွားလာစေရေး၊ လူငယ်ထုအတွင်း ဖူဆယ်အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးတို့အတွက် ရည်ရွယ်၍ ဩဂုတ် ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသား ၁၅ သင်းနှင့် အမျိုးသမီး ၁၄ သင်းတို့မှ စုစုပေါင်းအားကစားသမား ၅၂၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး တိုင်းဒေသကြီးအဆင့်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်





**မန္တလေး ဩဂုတ် ၁၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး မန္တလေးတိုင်းဒေသကြီးအဆင့်နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအဖွင့်အမှာစကား ပြောကြားရာတွင် သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ကြီးကြပ်ကွပ်ကဲလမ်းညွှန်မှု၊ တိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများ၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေး အသိပညာပေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် မူဝါဒများချမှတ်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းပါ အကြောင်းအရာများကို ပြည့်စုံမှန်ကန်စွာကောက်ယူနိုင်မှသာ အရည်အသွေးကောင်းမွန်ပြီး အောင်မြင်မည်ဖြစ်ရာ စာရင်းစစ်၊ စာရင်းကောက်များ၏ အရည်အချင်းပြည့်ဝမှုနှင့် ကြိုးစားအားထုတ်မှုတို့၏ အခန်းကဏ္ဍသည် အထူးပင်အရေးကြီးပါကြောင်း၊ သင်တန်းကာလမှာ ၁၀ ရက်တာဖြစ်ပြီး သင်တန်းသားအများစုသည် ၂၀၁၄ သန်းခေါင်စာရင်းကောက်ယူမှု အတွေ့အကြုံများရှိပြီးသားဖြစ်သည့်အတွက် သင်တန်းက ဆွေးနွေးပို့ချချက်များ၊ အတွေ့အကြုံများ၊ စွမ်းဆောင်နိုင်မှုအရည်အသွေး၊ စိတ်စေတနာကောင်းများနှင့် ပေါင်းစပ်ပြီး မြေပြင်အခြေအနေနှင့် ကိုက်ညီအောင် အကောင်းဆုံးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် သန်းခေါင်စာရင်းဆိုင်ရာ TV Spot အား ပြသပြီးနောက် တိုင်းဒေသကြီးသန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးဝေဇင်ထွန်းက သင်တန်းသားတစ်ဦးအား သင်တန်းအထောက်အကူပြုပစ္စည်းများပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသော သန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေးပစ္စည်းများနှင့် သင်တန်းအထောက်အကူပြုပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း၊ တိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၄၃၀၀ ဦးကျော်ခန့်ထားပြီးဖြစ်ကြောင်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**












# မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ဥပ္ပါတသန္တိကျမ်းမြတ်ကို ၁၀ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခြင်း ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပ





**မန္တလေး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခြင်းကို အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးတွင် ဩဂုတ် ၁၀ ရက်မှ စတင်၍ ၁၀ ရက်တိုင်တိုင်ရွတ်ဖတ်ပူဇော်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်း၌ ပိတ်ပွဲမင်္ဂလာ အခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးသာသနာရေးမှူးနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဝတ်အသင်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿ ၃ ကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီးနောက် အောင်မြေသာစံမြို့နယ်၊ အရှေ့ခင်မကန်ကျောင်းတိုက်၊ ကထိန်တော်မွှောစရိယကျောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသ ထံက ၈ ပါးသီလ ခံယူဆောက်တည်ကြသည်။

၄င်းနောက် အောင်မြေသာစံမြို့နယ်၊ အရှေ့ခင်မကန်ကျောင်းတိုက်၊ ကထိန်တော်မွှောစရိယကျောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ထံ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက အလှူငွေများ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာ ရေစက်ချတရားနာယူကြည်ညိုပြီး ဆရာတော်များက နတ်ဖြဟ္မာများအား ပြန်လည်ပို့ဆောင်ပေးပြီးနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

## ဘဏ်များ၏ အပ်ငွေနှင့် ချေးငွေများအပေါ် အတိုးနှုန်းများပြင်ဆင်သတ်မှတ်

**မန္တလေး ဩဂုတ် ၁၉**

မြန်မာနိုင်ငံ၊ ဗဟိုဘဏ်မှ ငွေကြေးဖောင်းပွမှုနန်းကို အထိုက်အလျောက်လျော့ကျစေရန်နှင့် ဘဏ်သို့ အပ်ငွေများအပေါ် အတိုးငွေပိုမိုရရှိစေရန်အတွက် ဘဏ်များက အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေအပေါ် ကောက်ခံသည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်လိုက်ကြောင်း သိရသည်။

ဗဟိုဘဏ်၏ အတိုးနှုန်း၊ ဘဏ်များက အပ်ငွေများအပေါ် ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် ကောက်ခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်ချက်ကို ဩဂုတ် ၁၄ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ရာ ဘဏ်များ၏ ချေးငွေထုတ်ချေးနိုင်မှုပိုမိုလာပြီး စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေရမည်ဟု ဆိုသည်။

"ခုလို ဘဏ်အပ်ငွေအပေါ် အတိုးနှုန်းမြှင့်ပေးလိုက်တဲ့အတွက် အပ်တဲ့သူတွေလည်း အရင်ထက် အတိုးနှုန်းပိုရသလို ဘဏ်မှာ ငွေအပ်သူများလာပြီး ချေးငွေထုတ်ပေးတဲ့အခါ ငွေကြေးဖောင်းပွမှု လျော့လာနိုင်မယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

ဗဟိုဘဏ်မှ ပေးသော လက်ရှိ အတိုးနှုန်းဖြစ်သည့် ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ တိုးမြှင့်၍လည်းကောင်း၊ ဘဏ်များထံမှ ချေးငွေရယူသည့်အပေါ် ကောက်ခံသည့်အတိုးနှုန်းကို အများဆုံး ၁၅ ရာခိုင်နှုန်းသို့လည်းကောင်း ပြင်ဆင်သတ်မှတ်ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁ ရက်မှစတင်၍ အကျိုးသက်ရောက်မှာဖြစ်သည်။

ဘဏ်များအနေဖြင့် မိမိတို့၏အမြတ်ရနိုင်စွမ်းနှင့် ဆုံရှုံးနိုင်ခြေစီမံခန့်ခွဲနိုင်မှုအရ အပ်ငွေနှင့် ချေးငွေအတိုးနှုန်းများအား ၇ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွင်း သတ်မှတ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏မူဝါဒအရ လက်ရှိထုတ်ချေးပေးလျက်ရှိသည့် အထူးချေးငွေများ၏ အတိုးနှုန်းများကို ပြောင်းလဲသတ်မှတ်ခြင်းမရှိဘဲ မူလအတိုင်း ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀

၀-၀-၀

## ရတနာပုံတက္ကသိုလ်၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ကျပန်းစကားပြော ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ




**မန္တလေး ဩဂုတ် ၁၉**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ပိုမိုရှင်သန်ထက်မြက်ရေး၊ အမျိုးသားရေးစိတ်ဓာတ်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်ဓာတ်နှင့် ပြည်ထောင်စုမပြိုကွဲရေးစိတ်ဓာတ်များ ထက်မြက်မှန်ကန်မြင့်မားစေရေးတို့အတွက် ရည်ရွယ်ပြီး ကျင်းပပြုလုပ်သည့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြတ်ရေး ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရတနာပုံတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ စာပေနှင့်အနုပညာအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ဂုဏ်ပြုအဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စာပေနှင့် အနုပညာအသင်းဥက္ကဋ္ဌ၊ အရှေ့တိုင်းပညာဌာန၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်ထွေးရီက ပြိုင်ပွဲနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ "မျိုးချစ်လူငယ်နှင့် အနာဂတ်မြန်မာပြည်၊ လူငယ်နှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အရင်းတည် နိုင်ငံတော်သစ်ဆီ၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ မျိုးချစ်စိတ်ရှိကြစို့၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် မျိုးချစ်ကိုအရင်းခံ" ခေါင်းစဉ်တို့ဖြင့် ဘာသာရပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ပထမဆုရရှိသူ မဇင်ဇင်ထက် (ဥပဒေပညာဘာသာရပ်)၊ ဒုတိယဆုရရှိသူ မောင်အောင်မင်းခန့် (ဇီဝဓာတုဗေဒဘာသာရပ်)၊ တတိယဆုရရှိသူ မချွေရည်အောင် (ရူပဗေဒဘာသာရပ်)တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၀၈၂)

## တောင်သမန် ဦးပိန်တံတားတွင် အပန်းဖြေသူ များသော်လည်း လေတိုက်ခတ်သဖြင့် လှိုင်းထခြင်းကြောင့် ငှက်လှေစီးသူနည်းပါး

**မန္တလေး ဩဂုတ် ၁၉**

အမရပူရ၊ တောင်သမန် ဦးပိန်တံတားတွင် အင်းအတွင်းမှ ရေပြင်တွင် လေတိုက်ခတ်သဖြင့် လှိုင်းထခြင်းကြောင့် ရုံးပိတ်ရက်နှင့် ဥပုသ်ရက်ဖြစ်သော်လည်း ငှက်လှေစီးသူနည်းပါးကြောင်း တောင်သမန်ငှက်လှေအသင်းမှ သိရသည်။

တောင်သမန်ဦးပိန်တံတားတွင် ပုံမှန်ရက်များထက် ရုံးပိတ်ရက်နှင့် ဥပုသ်ရက်များ လာရောက်လည်ပတ် အပန်းဖြေသူ ပိုမိုများပြားသည်ဟု ငှက်လှေသမားတစ်ဦးက ပြောသည်။

"ဒီအချိန်မှာဆိုရင် လေတအားတိုက်လွန်းလို့ ငှက်လှေဦးက မော့သွားတာကို မြင်ပြီး ငှက်လှေစီးချင်ပေမယ့် မစီးရဲကြဘူး။ လှိုင်းဘယ်လောက်ကြီးကြီး လှေသမားတွေက ကျွမ်းကျင်တော့ ဘာမှမဖြစ်နိုင်ဘူး။ လေငြိမ်တယ်၊ မိုးအုံ့တဲ့ အချိန်လည်းဖြစ်မယ်၊ လူစည်တဲ့နေ့လည်းဖြစ်မယ်ဆိုရင် ငှက်လှေစီးသူများပါတယ်"ဟု ၄င်းက ပြောသည်။

အင်းရေပြင်တွင် လေပြင်းထန်စွာ တိုက်ခတ်သည်မှာ လွန်ခဲ့သည့် ၂ လကျော်ကတည်းကဖြစ်ပြီး လှေစီးသူနည်းပါးသဖြင့် ငှက်လှေသမားများ နေ့တွက်ရရှိရန်ခဲ့ယဉ်းကြောင်း၊ ငှက်လှေစီးခမှာ အင်းအတွင်း လှည့်လည်ကြည့်ရှုခြင်းအတွက် တစ်သောင်းခွဲနှင့် တစ်ဖက်ကမ်းထိ ပို့ဆောင်ရလျှင် ငွေကျပ် ၂၀၀၀၀ ဖြစ်၍ အသွားအပြန် ငွေကျပ် ၃၀၀၀၀ ဖြစ်ကြောင်း သိရသည်။

တောင်သမန် ငှက်လှေအသင်းတွင် ငှက်လှေအစီးရေ ၄၂ စီးရှိသော်လည်း ငှက်လှေစီးသူနည်းပါးခြင်းကြောင့် အစီးရေ ၂၀ ခန့်သာ ပို့ဆောင်ပေးနေရကြောင်း လက်ရှိတွင် တောင်သမန်အင်းရေမှာ တံတားလျှောက်လမ်းမျက်နှာပြင်မှ ၆ ပေအကွာတွင်ရှိနေပြီး ဩဂုတ်လဆန်းရက်မှစ၍ ဧရာဝတီမြစ်ရေတိုးလာသည်နှင့် အမျှ အင်းရေတိုးလာကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁၀)

## သောက်ရေထဲရှိ နာနိုပလတ်စတစ်များကို ဖယ်ရှားရန် အမေရိကန်သိပ္ပံပညာရှင်များ နည်းလမ်းရှာဖွေတွေ့ရှိ

သောက်ရေထဲရှိနာနိုပလတ် စတစ်(ခေါ်) ပလတ်စတစ် အနည်မှုန်များကို ဖယ်ရှားရန် အမေရိကန် သိပ္ပံပညာရှင်များ



မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ကြောင်း သိပ္ပံနှင့် နည်းပညာဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နာနိုပလတ်စတစ်မှုန်များ ဖယ်ရှားရေးနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုမစ်ဆူရီ တက္ကသိုလ်မှ နာနိုနှင့်အမှုန်ဓာတုဗေဒ ပါရဂူတန်းတက်နေသော ပီယူနီအစ်ရှ်တာဝီရာဦးဆောင်သော သုတေသီများ လက်တွေ့စူးစမ်းလေ့လာခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့လေ့လာပြီး နာနိုပလတ်စတစ်မှုန်များ ဖယ်ရှားရေးအတွက် နည်းလမ်းအမျိုးမျိုးစမ်းသပ်ကြည့်ခဲ့ရာမှ ရေတွင်ပျော်ဝင်ကာ ထိုအမှုန်များကို သန့်စင်ပေးနိုင်သည့် ဓာတုပစ္စည်းတစ်မျိုးကို အောင်မြင်စွာ ဖော်စပ်နိုင်ခဲ့သည်။

ရေချိုနှင့် ရေငန်နှစ်မျိုးစလုံးထဲရှိ နာနိုပလတ်စတစ်မှုန်များ ဖယ်ရှားရေးအတွက် အဆိုပါ ဓာတုပစ္စည်းကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

SCI

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Xiao Zhan အပါအဝင် အနုပညာရှင်များ ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် ကြော်ငြာရိုက်ကူးမှု မြင့်မား

တရုတ်အနုပညာရှင်များ ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်း Top 55 Brand Endorsement Index နှင့် ထိပ်ဆုံး ၅၅ ဦး စာရင်းတွင် ကြော်ငြာရိုက်ကူးမှု မြင့်မားသောစာရင်းကို ထုတ်ပြန်ထားရာ ရှောင်းကျန့် ထိပ်ဆုံးမှ ပါဝင်ခဲ့သည်။



ရှောင်းကျန့်သည် အဆိုပါ စာရင်းတွင် ငါးကြိမ်၊ ဝမ်ရိဘိုက ခုနစ်ကြိမ်၊ ဝမ်ဂျွန်ကိုင်က လေးကြိမ်၊ ဒေါင်ဝိန်က လေးကြိမ်၊ ဂေါင်ဂျွန်က သုံးကြိမ်၊ လီရှန်၊ ယောင်ဇီနှင့် တန်ကျိန်ချီတို့က သုံးကြိမ်စီ စာရင်းဝင်ထားသည်။

ချောင်ရီက ဆယ်ကြိမ်နှင့် အများဆုံးပိုင်ဆိုင်ထားပြီး ဝမ်ယီဒီ၊ ဒီလ်ရီဘာဒီမူရတ်၊ ယောင်မီတို့က နှစ်ကြိမ်စီနှင့် လျူရီလောင်း၊ လျူရှုရှင်း၊ ရီယောင်၊ ရှင်းရှီ၊ ကျန်လီယင်းတို့က တစ်ကြိမ်စီ Top 55 တွင် ပါဝင်ထားကြသည်။ (SKY)



## BTS မှ Jin က ရိုက်ကွင်းအတွက် Posung High School သို့ သွားရောက်ခဲ့

ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်သည် ရိုက်ကွင်းတစ်ခုအတွက် သူတက်ရောက်ခဲ့သော ဖိုဆန်အထက်တန်းကျောင်းသို့ သွားခဲ့ရာ ယောက်ျားလေးသီးသန့်ကျောင်းဖြစ်ပြီး ကျောင်းသားများ အားပေးကြိုဆိုခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျင်က လက်ရှိအနုပညာလုပ်ငန်းများနှင့် အချိန်ပြည့်နေပြီး သူတက်ရောက်ခဲ့သည့် ဖိုဟန်အမျိုးသားအထက်တန်းကျောင်းသို့ သွားရောက်ခဲ့ကာ ပထမတန်းမှ ဆဋ္ဌမတန်းအထိ ပညာသင်ယူခဲ့သည့် ကျောင်းဓာတ်ပုံများကို ကြည့်ခဲ့သည်။

အားကစားခန်းမတွင် ကျောင်းသားများနှင့်အတူ အချိန်ပေးခဲ့ပြီး နေ့လယ်စာကော်ဖီဆိုင်သွားကာ အတန်းပြီးဆုံးချိန်ထိ နေ၍ ကျောင်းထုတ်လွှင့်မှုမှ တစ်ဆင့် ရိုက်ကူးရေးကိုလမ်းညွှန်ပြသခဲ့ပြီး ဘေးကင်းစေရန်နှင့် ပညာပေးရေးနှင့် ရိုက်ကူးရေးတွင် ပါဝင်ရန် မေတ္တာရပ်ခံခဲ့ကာ Secret Transfer Student ကို ရိုက်ကူးခဲ့သည်။ (SKY)

## William နှင့် Bentley Hammington တို့ ညီအစ်ကိုကို ဆံပင်ရှည်များနှင့် တွေ့ရ

ပရိသတ်အချစ်တော် Return of Superman အစီအစဉ်မှ ဝီလျံနှင့် ဘန်တလေဟယ်မင်တန်တို့ ညီအစ်ကိုနှစ်ဦးအရွယ်ရောက်လာပြီဖြစ်၍ ဆံပင်ရှည်များနှင့် တွေ့ကြရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ငယ်စဉ်ကတည်းကပင် အစ်ကိုဖြစ်သူ ဝီလျံဟယ်မင်တန်လုပ်သမျှ လိုက်လုပ်တတ်သည့် ညီဖြစ်သူ ဘန်တလေဟယ်မင်တန်က အစ်ကို ဆံပင်ရှည်ထား၍ သူလည်း ဆံပင်ရှည်ထားခဲ့သည်။



ညီအစ်ကိုနှစ်ဦး ဘီတီအက်စ်၏ အမာခံပရိသတ်များဖြစ်ကြကာ ဝီလျံက ရက်ပ်ပါအာရ်အမ်ကို ကြိုက်နှစ်သက်၍ ရက်ပ်ပါပုံစံနှင့် အမြဲလိုဆင်ယင်တတ်ကာ ဘန်တလေက ရက်ပ်ပါကြိုက်သူမဟုတ်သော်လည်း အစ်ကိုလုပ်သမျှ လိုက်လုပ်လေ့ရှိကာ ဘောလုံးကို အစ်ကိုကြိုက်နှစ်သက်ခဲ့သည်။ (SKY)



## Shah Rukh Khan မိသားစု အမေရိကန်သို့ အားလပ်ရက်ခရီးထွက်ခဲ့

ဘောလိဝုဒ်အနုပညာရှင်များစွာ အပူလှိုင်းဒဏ်ကြောင့် ပြည်ပခရီးထွက်ခဲ့ကြရာ ရှာရွတ်ခန်မိသားစုလည်း သားဖြစ်သူမှလွဲ၍ အမေရိကန်သို့ အားလပ်ရက်အပန်းဖြေခရီးထွက်ခဲ့ကြသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှာရွတ်ခန်နှင့်ဇနီး ဂူရီခန်၊ ဆူဟာနာခန်၊ အရွမ်ခန်တို့ အမေရိကန်နိုင်ငံ နယူးယောက်တွင် အပန်းဖြေနေကြပြီး သားဖြစ်သူ အာရန်ခန်မှာ အမ်ဘာနီ၏ Sangeet ပွဲသို့ တက်ရောက်ခဲ့ပြီး မန်ယူဘောလုံးကစားသမားဟောင်း ပတ်ထရစ်အီဗရာနှင့်အတူ မွမ်ဘိုင်းတွင် တွေ့ရသည်။

နာမည်ကြီး ဘောလိဝုဒ်အနုပညာရှင်များဖြစ်ကြသည့် အမီရ်ခန်၊ ဆေ့ဖ်၊ကရီနာကပူးလ်၊ ပရီရန်ကာချိုပရာတို့ မိသားစုလည်း ပြည်ပနိုင်ငံများတွင် မိသားစုလိုက် အပန်းဖြေခရီးထွက်နေကြသည်။ မင်္ဂလာဆောင်တွင် အားလုံးပြန်ဆုံကြလိမ့်မည်ဟု ပရိသတ်မျှော်လင့်နေကြသည်။

(SKY)





## Jewel In The Palace နန်းတွင်းရတနာအပိုင်း(၂) ရိုက်ကူးမည်

ကိုရီးယားသမိုင်းနောက်ခံ ရာဇဝင်ဇာတ်ကား Jewel In The Palace နန်းတွင်းရတနာ အပိုင်း(၂) ရိုက်ကူးရန် အတည်ပြုခဲ့ပြီး မင်းသမီး လီယောင်အေး ပြန်လည်ပါဝင်မည်ဟု ကြေညာထားသည်။

လီယောင်အေးသည် အသက်(၅၃)နှစ်ရှိပြီဖြစ်သော်လည်း လှပနုပျိုနေဆဲဖြစ်ကာ အပိုင်းနှစ်တွင် ပြန်လည်မြင်တွေ့ရမည်ဖြစ်ပြီး ရိုက်ကူးရေးကို အောက်တိုဘာလတွင် စတင်မည်ဖြစ်ကာ ၂၀၂၅ ခုနှစ်မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ဂျိုဆွန်ပြည်၏ ပထမဆုံးနန်းတွင်းသမားတော်အကြောင်းဖြစ်ရပ်မှန်ကို အခြေခံထားသည့် ယင်းဇာတ်ကားအပိုင်းတစ်မှာ အောင်မြင်ခဲ့ပြီး ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကို မြှင့်တင်ပေးနိုင်ခဲ့သည်။

(SKY)

0-0-0-0-0-0-0

## Vijay Sethupathi ၏ Maharaja ရုပ်ရှင်ကား ကိုရီးယားနှင့် ဘောလိဝုဒ် ပူးတွဲ ရိုက်ထား

ကိုရီးယားဒါရိုက်တာ ပတ်ချန်ဝုဒ်နှင့် ဘောလိဝုဒ်ဒါရိုက်တာ ကျူတင်တာရန်တီနိုတို့နှစ်ဦး လက်စွမ်းပြထားသည့် Maharaja ရုပ်ရှင်တွင် Vijay Sethupathi ကို အသွင်သစ်ဖြင့် မြင်တွေ့ရပြီး နှစ်နိုင်ငံ ပူးပေါင်းထုတ်လုပ်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အထူးသဖြင့် ဘာသာစကား၊ ယဉ်ကျေးမှု၊ နိုင်ငံမတူကြသော်လည်း အနုပညာအယူအဆ တူညီကြသူနှစ်ဦး ဖန်တီးတင်ဆက်ထားပြီး Vijay Sethupathi ကိုလည်း ပုံစံသစ်နှင့်တွေ့ကြရ၍ ပရိသတ်အားပေးမှု မြင့်မားခဲ့သည်။

ဆံသဆရာတစ်ဦး အိမ်အပြန်တွင် ဓားပြတိုက်ခံရပြီး အိမ်မှအမှိုက်ပုံးကို ခိုးယူသွားရာမှ ရဲစခန်းတွင် အမှိုက်ပုံးပျောက်မှု တိုင်ချက်ဖွင့်ကာ ဇာတ်ကိုအဆုံးထိ ဆွဲခေါ်သွားခဲ့သည်။

ဇာတ်လမ်းအချိတ်အဆက်ကောင်းပြီး ပုံစံဟောင်းမှ ကွဲထွက်ကာ ပရိသတ်ကို ဆွဲခေါ်သွားရာတွင် Vijay Sethupathi၊ အာနုပ်ကက်ရှပ်ပါ၊ ဗီလာနီတို့၏ စွမ်းရည်ပြည့် သရုပ်ဆောင်မှုကြောင့် ရုပ်ရှင်ကားကောင်းတစ်ကား ဖြစ်ခဲ့သည်။

(SKY)

0-0-0-0-0-0



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကနဒယ်လာလျှပ်စစ်မော်တော်ဘုတ်ပျံများ ဆော်ဒီအာရေဗျ၌ ခရီးသည်ပို့ဆောင်ပေးမည်



ရီယာဒ် ဩဂုတ် ၁၉

ဆွီဒင်အခြေစိုက် ကနဒယ်လာကုမ္ပဏီထုတ် လျှပ်စစ်မော်တော်ဘုတ်ပျံ ၈ စင်းကို ဆော်ဒီအာရေဗျအစိုးရ မကြာသေးမီက ဝယ်ယူခဲ့သည်။

ထို လျှပ်စစ်မော်တော်ဘုတ်ပျံများဖြင့် ခရီးသည်ပို့ဆောင်ပေးမည်ဖြစ်ရာ ၎င်းတို့ကို ကူးတို့ရေယာဉ်များအဖြစ် ဆော်ဒီအာရေဗျရေပိုင်နက်အတွင်း မကြာမီမြင်တွေ့ရတော့မည် ဖြစ်သည်။

ကနဒယ်လာကုမ္ပဏီထုတ် အဆိုပါ လျှပ်စစ်မော်တော်ဘုတ်များသည် ရေပေါ်တွင် ကြွတက်နေသဖြင့် မော်တော်ဘုတ်ပျံဟု ခေါ်တွင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**


0-0-0-0-0

## အိမ်နီးချင်းနိုင်ငံဖြစ်သော အဇာဘိုင်ဂျန်သို့ သမ္မတပလာဒီမာပူတင် သွားရောက်လည်ပတ်

ဘာကူး ဩဂုတ် ၁၉

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဩဂုတ် ၁၈ ရက်က အိမ်နီးချင်းနိုင်ငံဖြစ်သော အဇာဘိုင်ဂျန်သို့ သွားရောက်လည်ပတ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ညနေပိုင်းတွင် ဘာကူးမြို့တော်သို့ ၎င်းရောက်ရှိသွားပုံကို နှစ်နိုင်ငံ အစိုးရရုပ်မြင်သံကြားဌာနအသီးသီးက ထုတ်လွှင့်ပြသခဲ့ကြသည်။



သမ္မတဗလာဒီမာပူတင်အနေဖြင့် အဇာဘိုင်ဂျန်သမ္မတ အီလ်ဟမ်အလီယက်ဗ်နှင့်တွေ့ဆုံကာ ဒေသဆိုင်ရာနှင့်အပြည်ပြည်ဆိုင်ရာ အရေးကိစ္စများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် စီစဉ်ထားသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ဩဂုတ် ၁၉ ရက်တွင် ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သည့် အဇာဘိုင်ဂျန်သမ္မတ အီလ်ဟမ်အလီယက်ဗ်၏ ကွယ်လွန်သူဖခင် ဟေဒါအလီယက်ဗ်၏ အုတ်ဂူသို့ သမ္မတဗလာဒီမာပူတင် သွားရောက်လွမ်းသူ့ပန်းခွေချပြီး ဂါရဝပြုခဲ့သည်။

သမ္မတဗလာဒီမာပူတင်နှင့် သမ္မတ အီလ်ဟမ်အလီယက်ဗ်တို့နှစ်ဦးသည် အာမေးနီးယားနှင့် အဇာဘိုင်ဂျန် နှစ်နိုင်ငံအကြား အငြင်းပွားနေသော နဂိုရ်နိုကာရာဘတ်အရေးနှင့်ပတ်သက်၍လည်း ဆွေးနွေးရန်ရှိကြောင်း သိရသည်။

**Mon**

0-0-0-0-0



အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်သစ်အဖြစ် အပြီးသတ်တည်ဆောက်နေသော နူဆန်တာရာမြို့ရှိ အစိုးရရုံးအဆောက်အဦတစ်စုကို တွေ့ရစဉ်။ **Mon**

## မျောက်ကျောက်ရောဂါ ကူးစက်ခံရသူတစ်ဦးကို ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွင်း ပထမဆုံးတွေ့ရှိ

မနီလာ ဩဂုတ် ၁၉

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာလုံးဆိုင်ရာအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာခြင်းခံထားရသော မျောက်ကျောက်ရောဂါ ကူးစက်ခံရသူတစ်ဦးကို ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွင်း ပထမဆုံးတွေ့ရှိထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ မျောက်ကျောက်ရောဂါကူးစက်ခံရသူမှာ အသက် ၃၃ နှစ်အရွယ် ဖိလစ်ပိုင်နိုင်ငံသား အမျိုးသားတစ်ဦးဖြစ်ပြီး ပြည်ပသို့ ခရီးသွားခဲ့ဖူးသူမဟုတ်ကြောင်း အစိုးရကျန်းမာရေးဌာနက အတည်ပြုကြေညာသည်။

၎င်းအနေဖြင့် ထိုရောဂါမည်ကဲ့သို့ကူးစက်ခံခဲ့ရပြီး မည်သည့်အမျိုးအစားဖြစ်သည်ကို ဖော်ထုတ်နိုင်ရန် ဆက်လက်စတ်ခွဲစစ်ဆေးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာန ပြောခွင့်ရသူ အဲလ်ဘတ်ဒိုမင်ဂိုးက ထုတ်ဖော်ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ထိုရောဂါကူးစက်ခံရသူကို လွန်ခဲ့သော ၂၀၂၂ ခုနှစ် ဇူလိုင်လက ပထမဆုံးတွေ့ရှိခဲ့ပြီး ယခုကူးစက်ခံရသူမှာ ၁၀ ဦးမြောက်ဖြစ်သည်ဟု အဆိုပါပြောခွင့်ရသူက ရှင်းပြကြောင်း သိရသည်။

**Mon**

0-0-0-0-0




## ယီမင်နိုင်ငံ၏ နေရာဒေသအနှံ့အပြားတွင် ငတ်မွတ်ခေါင်းပါးနိုင်သည်ဟု ကုလသမဂ္ဂက သတိပေး

ဝါရှင်တန် ဩဂုတ် ၁၉

ယီမင်နိုင်ငံ၏ နေရာဒေသအနှံ့အပြားတွင် ငတ်မွတ်ခေါင်းပါးမှု ကြုံတွေ့လာနိုင်သည်ဟု ကုလသမဂ္ဂက သတိပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယမန်နှစ်ကနှင့်နှိုင်းစာလျှင် ယီမင်နိုင်ငံ၌ ငတ်မွတ်ခေါင်းပါးမှုကြုံတွေ့နိုင်သည့် အဆင့်သည် ၃၄ ရာခိုင်နှုန်းအထိ မြင့်တက်ရောက်ရှိလာကြောင်း မကြာသေးမီက ပေါ်ထွက်လာသော ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။



အာရေဗျကျွန်းဆွယ်၌ အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်သည့် ယီမင်နိုင်ငံတွင် ဆော်ဒီအာရေဗျကျောထောက်နောက်ခံပြုသည့် အစိုးရတပ်ဖွဲ့များနှင့် အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်များ အကြားဖြစ်ပွားသော ပြည်တွင်းစစ်ကြောင့် နှစ်အနည်းငယ်အတွင်း စီးပွားရေးအခြေခံအဆောက်အအုံ ပြိုလဲကာ စိုက်ပျိုးထုတ်လုပ်မှုလည်း မရှိတော့ရာမှ စားနပ်ရိက္ခာပြတ်လပ်ပြီး ကမ္ဘာ့အဆိုးရွားဆုံးလူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းပေါ်ပေါက်လာခဲ့ခြင်းပင် ဖြစ်သည်။

ယီမင်နိုင်ငံတွင် ယမန်နှစ်က အလွန်အမင်းအာဟာရချို့တဲ့သည့် ကလေးသူငယ်အရေအတွက် ၃၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

လက်ရှိကောက်ခံရရှိထားသော စစ်တမ်းများအရ ယခုနှစ်ကုန်ပိုင်းတွင် အသက် ၅ နှစ်အောက် ယီမင်ကလေးသူငယ်ပေါင်း ၁၈၅၀၀ ကျော်တို့ အလွန်အမင်းအာဟာရချို့တဲ့မှု ခံစားကြရဖွယ်ရှိသဖြင့် အလှူရှင်နိုင်ငံများ ထောက်ပံ့ကူညီပေးကြရန် ကုလသမဂ္ဂက တိုက်တွန်းနှိုးဆော်လိုက်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## စပိန်နိုင်ငံ မိုဆေဂျွန်အားကစားလေ့ကျင့်ရေးဌာနတွင် ဘောလုံးကစားနေသော ကလေးငယ်တစ်ဦး အသတ်ခံရ

မက်ဒရစ် ဩဂုတ် ၁၉

စပိန်နိုင်ငံအလယ်ပိုင်း တိုလေးဒိုးမြို့အနီးရှိ မိုဆေဂျွန်မြို့၌ ဖွင့်ထားသော အားကစားလေ့ကျင့်ရေးဌာနတွင် ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီခန့်က ဘောလုံးကစားနေသော ကလေးငယ်တစ်ဦး အသတ်ခံရမှုဖြစ်ပွားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အခြားကလေးများနှင့်အတူ ဘောလုံးကစားနေစဉ် အသက် ၁၈ နှစ်ခန့်အရွယ် ယောကျ်ားလေးတစ်ဦးက ချွန်ထက်သော အရာတစ်ခုဖြင့် ထိုးကာ တိုက်ခိုက်ပြီးနောက် ထွက်ပြေးသွားခဲ့သည်။

ခေါင်းစွပ်အင်္ကျီဝတ်ဆင်ထားသော သံသယရှိသူပျောက်ခြင်းမလှပျောက်သွားသဖြင့် ဒေသခံရဲစုံထောက်များက ၎င်းကို အပူတပြင်းလိုက်လံရှာဖွေနေကြောင်း သိရသည်။

**Mon**

## စစ္စလီကျွန်းကမ်းရိုးတန်းလွန် ပင်လယ်ပြင်ထဲ၌ ရွက်လှေနစ်မြုပ်မှုဖြစ်ပွား တစ်ဦး သေဆုံးခဲ့ရ

ပါလာမို ဩဂုတ် ၁၉

စစ္စလီကျွန်းကမ်းရိုးတန်းလွန် ပင်လယ်ပြင်ထဲ၌ ဩဂုတ် ၁၉ ရက်က ရွက်လှေနစ်မြုပ်မှုဖြစ်ပွားရာ တစ်ဦး သေဆုံးခဲ့ရပြီး ၆ ဦး ပျောက်ဆုံးနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပါလာမိုမြို့တော်အနီးရှိ ပင်လယ်ရေပြင်တစ်နေရာတွင် နစ်မြုပ်သွားသော ထိုရွက်လှေမှာ ၅၆ မီတာရှည်လျားပြီး ဗြိတိန်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် ဘာယေးရှန်းဟု အမည်ပေးထားသော ဇိမ်ခံရွက်လှေ ဖြစ်သည်။

အခင်းဖြစ်ပွားစဉ် ယင်းရွက်လှေပေါ်၌ စီးနင်းလိုက်ပါလာသူ ၂၂ ဦးရှိပြီး အများစုကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ဗြိတိသျှ၊ အမေရိကန်နှင့် ကနေဒါနိုင်ငံသား ၆ ဦး ပျောက်ဆုံးနေသဖြင့် ရေယာဉ်နှင့် မော်တော်ဘုတ်များ သုံးကာ လိုက်လံရှာဖွေကယ်ဆယ်နေဆဲဟု ဆိုသည်။

အဆိုပါဇိမ်ခံရွက်လှေကို အီတလီအခြေစိုက် ပယ်ရီနီသင်္ဘောကျင်းက ၂၀၀၈ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaignနှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီခွဲက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း



များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများ၊ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင်လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှု လျှော့ချရေးအသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဇော်ထက်(သရက်)**



# မိုးရွာသွန်းမှုကြောင့် သစ်ပင်လဲကျပြီးလမ်းမကြီး ပိတ်ဆို့၍ ရှင်းလင်းဖယ်ရှား

**မကွေး ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရန်နိုင်ရပ်ကွက်၊ မဲထီးလမ်းနှင့်မြို့ပတ်လမ်းထောင့်တွင် ဩဂုတ် ၁၆ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်က မိုးရွာသွန်းပြီး လေတိုက်မှုကြောင့် လုံးပတ် ၇ ပေခန့်၊ အမြင့် ပေ ၃၀ ခန့်ရှိ ထနောင်ပင်ကြီးသည် လမ်းမကြီးပေါ်လဲကျ၍ လမ်းမကြီးပေါ်တွင် သစ်ကိုင်းများ ပိတ်ဆို့မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မကွေးခရိုင်နှင့် မြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ မီးသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေး သန္နွေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။ **(အပေါ်ပုံ)(ဝ၄၅)**

# မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ်အသိပညာပေး ဟောပြော

**သာစည် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် အခြေခံပညာဦးစီးဌာန ခရိုင်ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းခွဲ မိတ္ထီလာခရိုင်တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ်အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက သာစည်မြို့၊ မယ်ဇလီကန် အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မယ်ဇလီကန် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဦးထွန်းရီက မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါအကြောင်းကိုလည်းကောင်း အသင်းခွဲအမှုဆောင် ဒေါ်မြတ်ဝါမင်းက မူးယစ်ဆေးသမိုင်းကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောကြပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းမှုများအပေါ် အသင်းဥက္ကဋ္ဌက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ အသိပညာပေး ဟောပြောပွဲကို ကြာဘက်ကုန်း အထက်တန်းကျောင်းခွဲတွင်ကျင်းပရာ ဟောပြောပွဲသို့ တာဝန်ခံဆရာမ ဒေါ်ခင်သက်မာနှင့် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝ၇ဝ)**



# ညောင်ဦး-ကျောက်ပန်းတောင်းသွား ကားလမ်းမကြီးတွင် ဆီဘောက်ဆာတွဲ ယာဉ်တိုက်မှု ဖြစ်ပွား

**ညောင်ဦး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ညောင်ပင်ကန်ကျေးရွာအုပ်စု၊ ညောင်ပင်ကန်ကျေးရွာအနီး ညောင်ဦး-ကျောက်ပန်းတောင်းသွားကားလမ်းမကြီး၊ မိုင်တိုင်အမှတ်(၁၉/၄)နှင့် အမှတ်(၁၉/၅)ကြားတွင် ဩဂုတ် ၁၈ ရက် ညနေ ၆ နာရီခွဲက ဆီဘောက်ဆာတွဲယာဉ်တိုက်မှုဖြစ်ရာ ယာဉ်မောင်းအမျိုးသား ထိခိုက်ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးအောင်မင်းသူ မောင်းနှင်လာသောယာဉ်အမှတ် MDY-6/7LZ----(တွဲ)၊ MDYTLR----ဂါလန် ၇၅၀၀ဆံ့ ဆီဘောက်ဆာ(ဆီမပါ)ယာဉ်သည် ညောင်ဦး-ကျောက်ပန်းတောင်းလမ်းမကြီးအတွင်း ညောင်ဦးဘက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၁၉/၄)နှင့် (၁၉/၅)ကြားတွင် ဆိုင်ကယ်တစ်စီးအား တိမ်းရှောင်စဉ် အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ လမ်းယာဘက်ဘေးရှိ ထနောင်းပင်အား ဝင်တိုက်မိခဲ့သည်။

အဆိုပါယာဉ်တိုက်မှုဖြစ်ပွားရာသို့ ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၅) အရန်မီးသတ်စခန်းမှ သန္နွေအရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးယာဉ်၊ အထောက်အကူပြုယာဉ်တို့ဖြင့် ယာဉ်ရှေ့ခန်းအတွင်း၌ ခြေထောက်ညပ်နေသော ယာဉ်မောင်းအမျိုးသားအား အန္တရာယ်ကင်းစွာကယ်ထုတ်၍ ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ လူမှုကူညီရေးယာဉ်ဖြင့် ပို့ဆောင်ကူညီခဲ့ကြပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝ၅၇)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော်၊ ဩဂုတ် ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် မွန်းလွဲ ၃ နာရီက သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ ဝှေလေလန်-ဟွေယုန်းကျေးရွာသွား ကားလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ အိုက်ရှန်(ခ)စိုင်းရှန်ဆိုသူအား စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအနီးတွင် ဇော်မင်းအောင်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်စပ်လျဉ်း၍ အိုက်ရှန်(ခ)စိုင်းရှန်(၄၀)နှစ်နှင့် ဇော်မင်းအောင်(၂၂)နှစ်တို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် ည ၇ နာရီတွင် သက်သေများနှင့်အတူ လှိုင်လင်မြို့အထွက်တွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် လှိုင်လင်မြို့ဘက်မှ တောင်ကြီးမြို့ဘက်သို့ စိုင်းမိုင်းခွန်းဆိုသူ မောင်းနှင်လာသည့် MITSUBISHI FUSO အမျိုးအစား (၁၂) ဘီး မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သယ်ဆောင်လာသော ဆာလာအိတ်များအတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် အလေးချိန် ၂၈၅၀၀ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းမိုင်းခွန်း(၄၁)နှစ်ဆိုသူအား လှိုင်လင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား လေးဦးနှင့် မြန်မာနိုင်ငံသား ၁၇ ဦးတို့အား ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် ၂၇ လမ်း၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြားရှိ ဒေါ်စန္ဒာ ၅၈ နှစ် (ဘ)ဦးစန်းမောင်၏နေအိမ်၌ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများ ပူးပေါင်းကာ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် အဆိုပါနေအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့သည်။

## ဖမ်းဆီးရမိ

ထိုသို့ ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်း၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ Yanlong ၂၈ နှစ်ပါ တရုတ်နိုင်ငံသား အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦး၊ မြန်မာနိုင်ငံသား ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ထွမ်ဆန်းရွာနေ ရဲမြင့် ၂၀ နှစ် (ဘ)ဦးယောက်စွတ်ပါ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ခြောက်ဦး၊ နေအိမ်ပိုင်ရှင်ဖြစ်သူ ဒေါ်စန္ဒာတို့အား အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာလေးစုံ၊ Laptop နှစ်လုံး၊ 5BB Broad Band တံဆိပ်ပါ Wifi စက်တစ်လုံး၊ Ruijie Regee တံဆိပ်ပါ Wifi ထပ်ဆင့်လွှင့်စက် သုံးလုံး၊ အခြား ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။





ချမ်းအေးသာစံမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား လေးဦးနှင့် မြန်မာနိုင်ငံသား ၁၇ ဦးတို့အား ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါဖမ်းဆီးရမိသူ Yanlong ပါ တရုတ်နိုင်ငံသား အမျိုးသားသုံးဦး၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား ရဲမြင့်ပါ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခြောက်ဦးနှင့် နေအိမ်ပိုင်ရှင်ဖြစ်သူ ဒေါ်စန္ဒာတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ချမ်းအေးသာစံမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်း၌ အီလက်ထရောနစ်ဆက်သွယ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၃(က)/၃၈ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြင်းခြံ-နွားထိုးကြီးနယ်စပ်နှင့် ငါန်းဇွန်မြို့နယ်၊ သပိတ်ကျင်းမြို့နယ် တကောင်းမြို့တို့ကို တပ်မတော်က လေကြောင်းဖြင့် ပုံးကြဲတိုက်ခိုက်ခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်-နွားထိုးကြီးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာများနှင့် သပိတ်ကျင်းမြို့နယ် တကောင်းမြို့ရှိ ရှေးဟောင်းလေးမျက်နှာစေတီအား ဩဂုတ် ၁၈ ရက်တွင် တပ်မတော်မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများထံ ဆက်သွယ်မေးမြန်းရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် တပ်မတော်လေကြောင်းသည် အဆိုပါနေ့ရက်တွင် ထိုမြို့နယ်များသို့ လာရောက်ပျံသန်းမှုမရှိခဲ့ကြောင်း သိရှိရသည်။ မြင်းခြံမြို့နယ်-နွားထိုးကြီးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းရာနေရာများကို ထိရောက်စွာ ပစ်ခတ်တိုက်ခိုက်လျက်ရှိကြောင်းနှင့် PDF အဖွဲ့များက တကောင်းမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ရှေးဟောင်း လေးမျက်နှာစေတီ၏ ဘေးပတ်လည်နံရံများ ထိမှန်ပျက်စီးခြင်းသာဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူ ပြည်ဖျက်မိစ္ဆာခေါ် သာသနာဖျက်မိစ္ဆာများသည် ဗုဒ္ဓဘာသာဝင်တို့ ဗုဒ္ဓဘုရားရှင် ကိုယ်စားပူဇော်သည့် ဥဒ္ဒိဿစေတီတော်များကို ရိုင်းစိုင်းစွာ အကြိမ်ကြိမ်ဖျက်ဆီးလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ကိုးကွယ်ရာ ဘာသာများဖြစ်သည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ စသည့်ဘာသာများကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့သည် ကိုးကွယ်ရာ ဘာသာအလိုက် အားပေးမှု၊ ချီးမြှောက်မှု၊ ထောက်ခံမှုများသာ စဉ်ဆက်မပြတ် လုပ်ဆောင်နေသည်မှာ မြန်မာသာမက ကမ္ဘာကပင် သိရှိပြီးဖြစ်သည်။ ယခုဖြစ်စဉ်တွင်လည်း ဗုဒ္ဓဘာသာဝင်များကို စိတ်နှလုံး မသာမယာဖြစ်အောင် တပ်မတော်ကို ထိုးနှက်အပုပ်ချရန် ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းမှား လုပ်ကြံဖန်တီး ထုတ်လွှင့်ခြင်းသာဖြစ်ကြောင်း နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

သတင်းစဉ်







## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "တိမ်လိုလူ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဘုရားကြီး(၁)ရပ်ကွက်နေ မျိုးဦးအား နံနက် ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Smile Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မိုးညိုမြို့နယ် ပေါက်ကုန်းကျေးရွာနေ စုကြည်ဌေးအား ည ၉ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Saw Daniel" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပန်းဘဲတန်းရပ်ကွက်နေ စောဒယ်နီရယ်(ခ)ရှမ်းကြီးအား ည ၉ နာရီခွဲ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# နိုင်ငံတကာ အားကစား သတင်းများ

## ဟာလန်း မန်ချက်စတာစီးတီးအသင်းကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ(၁၀၀)ပြည့်မြောက်




**မန်ချက်စတာ ဩဂုတ် ၁၉**

တိုက်စစ်မှူးဟာလန်း မန်ချက်စတာစီးတီးအသင်း ကစားသမားဘဝ ပြိုင်ပွဲစုံပွဲ(၁၀၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ **(ဝဲပုံ)**

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ချက်စတာစီးတီးအသင်းက ချဲလ်ဆီး အသင်းအား နှစ်ဂိုး၊ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလိုမှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း(၁၀၀)ကစားပြီး ၉၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဟာလန်းက "ကျွန်တော် အခုလိုအသင်းနဲ့ ပြိုင်ပွဲစုံ ပွဲ(၁၀၀)ပြည့်မြောက်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အသင်းနဲ့အတူ ပွဲစဉ်တိုင်းပါဝင်ကစားပြီး အောင်မြင်မှုဆုဖလားတွေ ရယူနိုင်အောင် ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**

## ရာမွန်ဆိုဆာအား နော်တင်ဟမ်ဖောရက်စ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၉**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အာဂျင်တီးနားကလပ် Talleres အသင်းတောင်ပံကစားသမား ရာမွန်ဆိုဆာအား ၅နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် နော်တင်ဟမ်ဖောရက်စ်အသင်းတွင် ကျောနံပါတ်(၂၄)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ရာမွန်ဆိုဆာသည် Talleres အသင်းနှင့်အတူ ၂၀၂၃မှ၂၀၂၄ခုနှစ်အတွင်း ပြိုင်ပွဲပေါင်း ၅၆ပွဲကစားကာ ၁၇ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ်ဖောရက်စ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား (၇)ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## လိုဆယ်လိုအား ခေါ်ယူရန် ဗီနာဘာချီအသင်း စိတ်ဝင်စား

**လန်ဒန် ဩဂုတ် ၁၉**

ဗီနာဘာချီအသင်းသည် စပါးအသင်း ကွင်းလယ်ကစားသမား လိုဆယ်လိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စပါးအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၄ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဗီနာဘာချီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။




ကွင်းလယ်ကစားသမား လိုဆယ်လို ကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။ **(ဝဲပုံ)**

ထို့ကြောင့် ဗီနာဘာချီအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ လိုဆယ်လိုအားရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။(NGB)

## ယန်ဆွမ်မား ဆွစ်ဇာလန်လက်ရွေးစင်ကစားသမားဘဝမှ အနားယူ

**လန်ဒန် ဩဂုတ် ၁၉**

ဆွစ်ဇာလန်လက်ရွေးစင် ဂိုးသမား ယန်ဆွမ်မား လက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့ပြီဖြစ်သည်။

အဆိုပါ ဂိုးသမားသည် ဆွစ်ဇာလန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၂မှ ၂၀၂၄ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၉၄ပွဲကစားပြီးနောက် ကစားသမားဘဝမှ အနားယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ယန်ဆွမ်မားက "ကျွန်တော် လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူပါပြီ။ ကျွန်တော် လက်ရွေးစင်အသင်းမှာကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော်ကိုအားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်းကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(အောက်ပုံ)(NGB)**





## ဂွန်ကာလိုရာမို့စ် ခြေချင်းဝတ်ဒဏ်ရာကြောင့် ၃လခန့် အနားယူရဖွယ်ရှိ

**ပါရီ ဩဂုတ် ၁၉**

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ဂွန်ကာလိုရာမို့စ် ခြေချင်းဝတ်ဒဏ်ရာကြောင့် ၃လခန့်အထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ပီအက်စ်ဂျီအသင်းက လီဟာဗေးအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂွန်ကာလိုရာမို့စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ပီအက်စ်ဂျီအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၁ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အပေါ်ပုံ)**

**(NGB)**

## ဖာကွန်ဒိုပယ်လီစထရီအား ခေါ်ယူရန် ပါနာသီနာကို့စ်အသင်း စီစဉ်

**လန်ဒန် ဩဂုတ် ၁၉**


ပါနာသီနာကို့စ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား ဖာကွန်ဒိုပယ်လီစထရီအားခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ချက်စတာယူနိုက်တက်အသင်းမှ ဂရန်းနာဒါအသင်းသို့ အငှား ပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၅ပွဲကစားကာ ၂ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပါနာသီနာကို့စ်အသင်းက ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။**(အောက်ပုံ)**

မန်ချက်စတာယူနိုက်တက်အသင်းကလည်း ဖာကွန်ဒိုပယ်လီစထရီအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ပါနာသီနာကို့စ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းထံမှ ဖာကွန်ဒိုပယ်လီစထရီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**



## ယူဆက်စ်ဖိုဖာနာ အေစီမီလန်အသင်းတွင် ကျောနံပါတ်(၂၉)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မီလန် ဩဂုတ် ၁၉**

ကွင်းလယ်ကစားသမားသစ် ယူဆက်စ်ဖိုဖာနာ အေစီမီလန်အသင်းတွင် ကျောနံပါတ် (၂၉) ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။




အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် မိုနာကိုအသင်းမှ အေစီမီလန်အသင်းသို့ ယူရို ၂၅ သန်းဖြင့်၂၀၂၈+၁နှစ်သက်တမ်းတိုးခွင့်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။ **(ဝဲပုံ)**

ကွင်းလယ်ကစားသမား ယူဆက်စ်ဖိုဖာနာသည် မိုနာကိုအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၅ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ် ယူဆက်စ်ဖိုဖာနာက "ကျွန်တော် အေစီမီလန်အသင်းမှာ ကျောနံပါတ် ၂၉ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုအထူးကျေးဇူးတင်ပါတယ်။ အေစီမီလန်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**

## 2024 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Jannik Sinner တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၁၉**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Cincinnati Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲအဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner onf 2024 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev အား ၇-၆၊ ၅-၇၊၇-၆ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ် ကစားသမား Jannik Sinner နှင့် အိမ်ရှင် အမေရိကန်တင်းနစ်ကစားသမား Frances Tiafoe တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(ယာပုံ)**

**(NGB)**





# ပြည်သူများအား စားသုံးဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်ရှိ ပြည်သူများအား စားသုံးဆီများ ဈေးနှုန်းသက်သာစွာရောင်းချနိုင်ရေး စားသုံးသူရေးရာဦးစီးဌာနနှင့် ညောင်ဦးခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၇ရက် ညနေ ၄နာရီက စားသုံးသူရေးရာ ဦးစီးဌာန၊ ညောင်ဦးခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် စားသုံးသူရေးရာ ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဦးသန်းစိုးက ညောင်ဦးခရိုင်ရှိ စားသုံးသူပြည်သူများ စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ရေး၊ သတ်မှတ်ရည်ညွှန်းဈေးထက် ပိုမိုရောင်းချမှုမရှိစေရေး၊ အလေးချိန်ပြည့်မီစွာ ရောင်းချရေး၊ နိုင်ငံတော်မှရရှိသော ဆီခွဲတမ်းများကို တိတိကျကျ မှန်မှန်ကန်ကန်ရောင်းချရေး၊ အိမ်ထောင်စုအလိုက် ရောင်းချနိုင်ရေးနှင့် စားသုံးဆီပြတ်လပ်မှု မရှိစေရေးတို့ကို ညောင်ဦးခရိုင် ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၅)**

# အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား လက်စွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ



**စဉ့်ကိုင် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံး စက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အားကုန်ကျမှု ပြဿနာ ဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ကေများစွာကို ထွန်ယက်စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်းစသည့် အကျိုးကျေးဇူးများစွာရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ခုနှစ် အင်ဂျင်စွမ်းအားသုံး (၆)တန်းသွား လက်စွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့ နံနက် ၉နာရီက စဉ့်ကိုင်မြို့နယ်၊ သိန္နီကုန်းကျေးရွာ၊ မြို့မကွင်း (၆၇-ခ)၊ ဦးပိုင်အမှတ်(၁၅)ရှိ ဒေသခံတောင်သူ ဦးမိုးလှိုင်၏ လယ်မြေ(၃)ကေအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ သရုပ်ပြပွဲတွင် အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်းလယ်မျက်နှာပြင်ညီညာရန်လိုအပ်ခြင်း၊ ပျိုးခင်းအတွက် နေရာအနည်းငယ်သာ လိုအပ်ခြင်း၊ မျိုးစေ့နှုန်းထားအနည်းငယ်ဖြင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်း၊ ကောက်ကွက်နှင့်ကောက်ပင် အတိမ်အနက် လိုအပ်သလို ချိန်ညှိစိုက်ပျိုးနိုင်ခြင်း၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးနိုင်ခြင်း၊ ကောက်ပင်လှန်မြန်ခြင်းနှင့်ပင်ပွားအရေအတွက်များများရရှိခြင်း၊တစ်ကေကောက်ကွက်ပြည့်မီခြင်း၊ အချိန်တိုအတွင်း ကေများစွာစိုက်ပျိုးနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ် အချိန်အခါမီ စိုက်ပျိုးနိုင်ခြင်းနှင့် အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား လက်ဆွဲကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးရဲကျော်စိုးက အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အင်ဂျင်စွမ်းအားသုံး(၆)တန်းသွား လက်စွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြနေမှုများအား အင်းကုန်းစက်မှု လယ်ယာစက်ရုံနယ်မြေမှ စက်ရုံမှူး ဦးမိုးလွင်ဦး၊ ကျောက်ဆည်ခရိုင်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးသန်းဇော်နှင့် စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင်အတွင်းရှိ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာ(၅)ရွာမှ ဒေသခံတောင်သူများ စုစုပေါင်း ၃၅ဦးခန့်က စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# မြေသြဇာရည်ညွှန်းဈေးနှုန်း သတ်မှတ်ကြေညာ

မြေသြဇာရည်ညွှန်းဈေးနှုန်းများ သတ်မှတ်ကြေညာခြင်းကို ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးကို ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA)အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော မြေသြဇာများကို ရန်ကုန်အထိုင်ဈေးနှုန်းအဖြစ် ဩဂုတ် ၁၆ရက်မှ စက်တင်ဘာ ၁၅ရက်အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ သတ်မှတ်ဈေးနှုန်းများ ညွှန်ကြားထားသည်။

ယင်းသတ်မှတ်ရည်ညွှန်းဈေးများမှာ ယူရီးယားမြေသြဇာ (အလုံးကြီး) ၅၀ကီလို တစ်အိတ်လျှင် ငွေကျပ် ၈၃၀၀၀၊ Rock Phosphate အခြေခံ ၁၅ပတ်လည် ၅၀ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀၊ Di Ammonium Phosphate အခြေခံ ၁၅ပတ်လည် ၅၀ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ အသီးသီး သတ်မှတ်ထားပြီး ရန်ကုန်အထိုင်ဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင် မူတည်၍ ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှု ဖြစ်ပေါ်နိုင်သည်။

ရည်ညွှန်းဈေးနှုန်းများကို သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက ဦးဆောင်ကော်မတီ ဖုန်း ၀၆၇-၄၁၀၀၃၂၊ (MFSPEA)အသင်း ဖုန်း ၀၉-၈၈၃၃၅၃၃၃၅၈ သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းက ထုတ်ပြန်ကြေညာထားသည်။ **(အောက်ပုံ)**

"စားအုန်းဆီတွေ ရည်ညွှန်းဈေး သတ်မှတ်သလို ဓာတ်မြေသြဇာတွေကိုလည်း ရည်ညွှန်းဈေးသတ်မှတ်ပေးတော့ တောင်သူတွေအတွက် အဆင်ပြေပါတယ်။ ယခင်က ဓာတ်မြေသြဇာတွေ ဈေးကြီးပေးဝယ်ရသလို ပစ္စည်းအရည်အသွေး မမှန်ကန်တာတွေလည်း ကြုံရတော့ တောင်သူတွေ နစ်နာဆုံးရှုံးရပါတယ်"ဟုတောင်သူတစ်ဦးက ပြောသည်။

ဓာတ်မြေသြဇာအမျိုးအစားအလိုက် ရည်ညွှန်းဈေးသတ်မှတ်ပေးတော့ တောင်သူတိုင်း ဈေးနှုန်းမှန်ကန်စွာ သုံးစွဲရပြီး အရည်အသွေးလျော့နည်းတာတွေကိုလည်း ရှောင်ရှားအသုံးပြုနိုင်ကြောင်း သိရသည်။

လက်ရှိမြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧကပေါင်း ၁၅သန်းခန့်ရှိပြီး နှစ်စဉ် စပါးထွက်ရှိမှုနှုန်းမှာ တင်း သန်းပေါင်း ၁၀၈၀သန်းရှိ၍ နွေစပါး စိုက်ဧကပေါင်းမှာလည်း ၂သန်းခန့် ရှိသည့်အတွက် စပါးတင်းသန်းပေါင်း ၂၁၃သန်းခန့် ထွက်ရှိကြောင်း သိရသည်။

**ရွှေမန်း**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင် သင်တန်းဆင်းပွဲ ကျင်းပ

**နတ်မောက် ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင် သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၉ရက် နံနက် ၉နာရီခွဲက မရိုးတောကျေးရွာ ရွာဦးဘုန်းတော်ကြီး ကျောင်း၌ ကျင်းပခဲ့ရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။



ရှေးဦးစွာ မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးက မရိုးတောကျေးရွာရှိ သင်တန်းသားများအနေဖြင့် သင်တန်းပြီးမြောက်ပါက သင်တန်းမှရရှိသည့် အတတ်ပညာများအား လက်တွေ့ပြန်လည်အသုံးချရန်၊ သင်တန်းသားများအနေဖြင့် မိရိုးဖလာတောင်သူလုပ်ငန်းအပြင် မိသားစုဝင်ငွေတိုးပွားရေး ဆိုင်ကယ်ပြင် ပညာရပ်ဖြင့် တစ်ဖက်တစ်လမ်းမှ လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ သင်တန်းသားများအား သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခရိုင် ဦးစီးမှူး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် မရိုးတောကျေးရွာမှ သင်တန်းသား ၂၀ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး နည်းပြများက စာတွေ့၊ လက်တွေ့(အခမဲ့) သင်ကြားပို့ချပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးထံက သိရသည်။

**မှူးမှူးစန်း(ပြန်/ဆက်)**

❊ ❊ ❊ ❊ ❊

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**တပ်ကုန်း ဩဂုတ် ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် MMKM Chinese Language Center တို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဆွေးနွေးခြင်းကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရှိ (Commnity Centre) ခန်းမတွင် ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး MMKM Chinese Language Center မှ ဆရာ ဦးအောင်ပြည့်ဖြိုး၊ သင်တန်းသား၊ သင်တန်းသူများဖြစ်ကြသည့် ကိုနေမင်းဦး၊ မသိမ့်ဒီပါ၊ မအိမြတ်မွန်တို့က ဘာသာစကားရဲ့ အရေးပါမှု၊




ဘာသာ စကားကျွမ်းကျင်မှုနှင့် အတူ ရရှိလာမည့်အခွင့်အရေးများ၊ ဘာသာစကားသင်ကြားမှုကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ဘာသာစကားလေ့လာရာတွင် တွေ့ကြုံရနိုင်တဲ့ အခက်အခဲတွေကို အောင်မြင်ဖို့ ဘယ်လိုကျော်ဖြတ်မလဲ ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်သော ဦးစီးအရာရှိနှင့် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးခဲ့ကြသည့် ဦးအောင်ပြည့်ဖြိုး၊ ကိုနေမင်းဦး၊ မသိမ့်ဒီပါ၊ မအိမြတ်မွန်တို့အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## မဟာလှူမှုကယ်ဆယ်ရေးအဖွဲ့ ကုသိုလ်ပြုရေသယ်ယာဉ်ဝယ်ယူရန် ငွေများ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၄၁လမ်းရှိ မဟာလှူမှုကယ်ဆယ်ရေးအဖွဲ့ ကုသိုလ်ပြုရေသယ်ယာဉ်ဝယ်ယူရန် ငွေလှူဒါန်းပွဲကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက အဝေရာရာမရန်ကင်းတိုက်တွင် ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် မဟာလှူမှုကယ်ဆယ်ရေးအဖွဲ့ ဩဝါဒစရိယ အဝေရာရာမရန်ကင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဩဒါတသီရိဘိဝံသ ဆရာတော်ကြီးအား အမှူးထား၍ ချမ်းမြသာစည်မြို့နယ်နေ ဦးဝင်းဆွေ + ဒေါ်တင်တင်ခိုင် (မန်းရွှေလီကုမ္ပဏီနှင့် BOC ကုမ္ပဏီ) မိသားစုတို့မှ ရေစက်သွန်းချလှူဒါန်းရာ မဟာလှူမှုကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ထွန်းဝင်းနှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ မန်းရွှေလီနှင့် BOC ကုမ္ပဏီမိသားစုများသည် သောက်သုံးရေ အခက်အခဲဖြစ်နေသော ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်များသို့ ရေဂါလန် ၃၂၀၀ဆံ့ ရေသယ်ယာဉ်ဖြင့် ကုသိုလ်ပြုဆောင်ရွက်နေသော အဖွဲ့ဝင်လူငယ်မောင်မယ်များအား မုန့်ဖိုးများ ပေးခဲ့ကြသည်။ မဟာလှူမှုကူညီရေးအသင်းယာဉ်များနှင့် ရေသယ်ယာဉ်များအတွက် စက်သုံးဆီများ လှူဒါန်းလိုပါက အသင်းရုံး ၄၁လမ်း၊ ၉၁(စီ)လမ်း၊ ကမ်းနားလမ်း၊ မဟာအောင်မြေမြို့နယ်ဥက္ကဋ္ဌ ဖုန်း ၀၉-၄၀၂၆ ၀၀၀၃၃နှင့် ရုံးဖုန်း ၀၉-၄၄၁၁၁ ၉၁၁၉၊ ၀၉-၇၇၅၁၉၂၁၉၂သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## အာလူးအထွက်နှုန်းနည်းပါးပြီး ဈေးမြင့်သောကြောင့် ရက်တိုတိုနှင့် စိုက်ပျိုးထွက်ရှိနိုင်မည့်နည်းစနစ် အသုံးပြုသင့်

**မန္တလေး ဩဂုတ် ၁၉**

ပြည်တွင်းအာလူး စိုက်ပျိုးထွက်ရှိမှုမှာ နှစ်စဉ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် အထွက်နှုန်းနည်းပါးပြီး ဝယ်လိုအားကို မဖြည့်ဆည်းနိုင်သောကြောင့် တောင်သူများအနေဖြင့် ရက်တိုတိုနှင့် စိုက်ပျိုးထွက်ရှိသော နည်းစနစ်နှင့် အာလူမျိုးများကို စိုက်ပျိုးသင့်ကြောင်း နောင်တရားအာလူးအသင်းဥက္ကဋ္ဌက ပြောသည်။

ယခုရာသီတွင် မိုးရာသီဖြစ်သောကြောင့် အာလူးပိုးကျခြင်းများနှင့် အထွက်နှုန်းနည်းသဖြင့် ဈေးကွက်တွင် တစ်ပိဿာလျှင် အမြင့်ဆုံးငွေကျပ် ၄၅၀၀ ဝန်းကျင်ထိ ပေါက်ဈေးရှိလာရာ ဇွန်လဆန်းပိုင်း ဈေးနှုန်းများထက် ငွေကျပ် ၁၅၀၀ ဝန်းကျင် ဈေးမြင့်လာသည်ဟု ဆိုသည်။

"အာလူးကို သမားရိုးကျစိုက်ပျိုးလို့ မဖြစ်တော့ဘူး။ ရာသီဥတုပြောင်းလဲမှုနဲ့ စားသုံးမှုလည်း ပြောင်းလဲတာကြောင့် စိုက်ပျိုးမှုပုံစံ ပြောင်းလဲဖို့အပြင် မျိုးကောင်းလိုအပ်တယ်။ စိုက်နည်းစနစ်မှာ အရင်က ရက် ၁၂၀လောက်ကြာခဲ့ပြီး ယခုဆိုရင် ရက် ၇၀-



၈၀ နဲ့ အာလူးထွက်တဲ့ စိုက်နည်းစနစ်နဲ့ အာလူးမျိုးတွေ ရှိလာပြီး ရက်ကြာရင် ရင်းနှီးစရိတ် မြင့်လာမယ်။ ရက်တိုတိုနဲ့ထွက်ရှိနိုင်တဲ့ နည်းစနစ်ရယ်၊ အာလူးမျိုးရယ်ကို သုံးဖို့လိုတယ်"ဟု ၄င်းက ပြောသည်။

လက်ရှိဈေးကွက်တွင် ဒီဇင်ဘာနှင့် ဇန်နဝါရီလများက စိုက်ပျိုးသော အာလူးများဖြစ်၍ ဧပြီ၊ မေနှင့် ဇွန်လတွင် ဈေးကွက်သို့ရောက်ရှိလာသော်လည်း မိုးရာသီကာလဖြစ်၍ ပိုးကျခြင်းများကြောင့် ထွက်နှုန်းနည်းပါးကြောင်း၊ စိုက်ပျိုးစရိတ်မှာလည်း ယခင်နှစ်များထက် ပိုမိုကုန်ကျမှုရှိသဖြင့် စိုက်ပျိုးမှုလျော့နည်းကာ ဈေးကွက်လိုအပ်ချက် မဖြည့်ဆည်းနိုင်ရာက ဈေးမြင့်လာခြင်းဖြစ်သည်။

"မြေကလည်း အငှား၊ ကိုယ်တိုင်မစိုက်ဘဲ လူငှားနဲ့စိုက်ရင် ကုန်ကျစရိတ်ပိုများတယ်။ ဈေးကောင်းရချိန်မှာတောင် အမြတ်အစွန်း အများကြီးမရကြဘူး။ အောင်မြင်တဲ့အခင်းတွေမှာ အကျိုးအမြတ်ရပေမယ့် ဒီအချိန် မိုးရာသီမှာ ပိုးကျတာတွေနဲ့ မိုးရွာရက်များလို့ မြေကြီးရဲ့စိုထိုင်းဆများတဲ့အတွက် အာလူးထွက်နှုန်း ထိခိုက်စေပြီး ဆုံးရှုံးမှုများကြတယ်"ဟု ၄င်းက ဆက်လက်ပြောသည်။

ပြီးခဲ့သည့် ဧပြီ၊ မေ၊ ဇွန်လများက အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ ဝန်းကျင်ရှိရာမှ ဇူလိုင်လဆန်းပိုင်း၌ ငွေကျပ် ၃၀၀၀ ဝန်းကျင် ဖြစ်လာပြီး ဩဂုတ်လတွင် ငွေကျပ် ၄၀၀၀ မှ ၄၅၀၀ ဝန်းကျင် ပေါက်ဈေးရှိလာကြောင်း၊ စိုက်ပျိုးရင်းနှီးစရိတ်မှာလည်း ယခင်နှစ်များက တစ်ဧကလျှင် ငွေကျပ်သိန်း ၇၀ခန့် ကုန်ကျခဲ့ရာမှ ယခုနှစ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ဝန်းကျင်ရှိလာသဖြင့် ရက်တိုတိုနှင့် စိုက်ပျိုးထွက်ရှိရန်လိုကြောင်း သိရသည်။

(ဝဲပုံ)(မန္တလေးနေ့စဉ်-၉)

## ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြု

**ရွာင် ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ် ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ သင်ကြားခဲ့သော ဆရာ၊ဆရာမများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၁၀နာရီက အထက(ရွာင်) ပြဒါးလင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ဒုတိယမြို့နယ် ပညာရေးမှူးဦးမျိုးခိုင်၊ ကျောင်းကော်မတီဥက္ကဋ္ဌ ဦးပြည်စန်းထွန်းတို့က ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အသီးသီး ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် အောင်ချက်အကောင်းဆုံးဆုရ အထကရွာင်နှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ထူးရအောင် သင်ကြားပေးသောဆရာ၊ဆရာမများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်များနှင့်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေ ချီးမြှင့်ခဲ့ကြသည်။

ရွာင်မြို့နယ်တွင် စာစစ်ဌာန ၅ခု၌ ကျောင်းတွင်းနှင့် ပြင်ပဖြေဆိုသူ ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၃၃၄ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၆၈ဦး ဖြေဆိုအောင်မြင်ကာ အောင်မြင်မှု ရာခိုင်နှုန်း ၅၀ ဒသမ ၃၀ ရာခိုင်နှုန်းရှိကြောင်း၊ ဂုဏ်ထူးရရှိမှု အခြေအနေမှာ ၆ ဘာသာဂုဏ်ထူးရှင်တစ်ဦး၊နှစ်ဘာသာဂုဏ်ထူးရှင်သုံးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၉ဦးရှိပြီး ဂုဏ်ထူးရရှိသည့်ဘာသာများမှာ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီနှင့် ဘောဂဗေဒ ဘာသာရပ်တို့ဖြစ်ပြီး အထက(ရွာင်)မှ ဖြေဆိုသူ ၇၅ဦးရှိပြီး အောင်မြင်သူ ၄၂ ဦးရှိကာ ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၁ဘာသာ ဂုဏ်ထူးရှင် ၃ဦး၊ ရိုးရိုး အောင်မြင်သူ ၃၈ ဦးရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁၀)

## လှုံသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာ(မွှမ်းမံ) သင်တန်းဆင်းပွဲ ကျင်းပ

**ပင်လုံ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လှိုင်လင်ခရိုင် အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်မည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းမှ ဘိန်းစိုက်ပျိုးသည့် မြို့နယ်များတွင် အစားထိုး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်သည့် လူသုံးကုန်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာ မွှမ်းမံ သင်တန်းဆင်းပွဲကို ပင်လုံမြို့၊ ပင်လုံအရှေ့ကျေးရွာအုပ်စု ဝမ်အဲင် ကျေးရွာခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီးနောက် ခရိုင်အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် ရရှိမည့်အကျိုးကျေးဇူးကို ရှင်းလင်းပြောကြားခဲ့သည်။




ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌမှ သင်တန်းသုံး ကုန်ချောပစ္စည်းများပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၀ဦး တက်ရောက်ပြီး သင်တန်းကာလမှ (၇)ရက် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေး ဟောပြောပွဲကျင်းပ

**တပ်ကုန်း ဩဂုတ် ၁၉**

ပြည်ထောင်စုနယ်မြေ၊နေပြည်တော်ဒုတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက်၊အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအခြေပြုဌာနဆိုင်ရာပေါင်းစုံ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၅ရက် မွန်းလွဲ ၁နာရီက အဆိုပါကျောင်းဓမ္မာရုံတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆုမြတ်နိုင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးလွင်က သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအကြောင်း၊ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နှားမာနိုက အလုပ် သမားရေးရာအကြောင်း၊ အမှတ်(၁)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ရဲအုပ်မင်းထွေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဟိန်းအောင်ကျော်က မီးဘေးအန္တရာယ်အကြောင်း၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ဇာနီနိုင်က ဥပဒေဆိုင်ရာအကြောင်း၊ အမှတ်(၃)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်ဟန်ဇော်က လူကုန်ကူးမှု အန္တရာယ်အကြောင်း၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ဝင့်ရည်သန့်က လျှပ်စစ်သုံးစွဲမှု အန္တရာယ်အကြောင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးတက်ထွန်းက မူးယစ်ဆေးဝါး ကျဆင်းရေးအကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ပြီး ဟောပြောပွဲအပြီးတွင် သက်ဆိုင်ရာဌာနများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# အငှမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေး

**ကျောက်ဆည် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြနှင့် ကျေးလက် ကွာဟမှုလျော့နည်းလာစေရေးအတွက် ကျေးရွာများအား မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖြစ် အရင်းမပျောက် မ,တည် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက လေးဆယ်ကုန်းကျေးရွာပြည်သူများအား(အငှမ) အကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေများ ထုတ်ချေးပေးခဲ့သည်။

စီမံကိန်းငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူး နှင့်ဝန်ထမ်းများက လေးဆယ်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီအဖွဲ့ဝင်များ၊ပြည်သူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများကို၂၀၁၇ခုနှစ် ဇူလိုင်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ကဏ္ဍအလိုက် လုပ်ငန်းများ အောင်မြင်ရေးကော်မတီဝင်များနှင့် ပြည်သူများမှ ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း ဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၁၃ဦးအတွက် ငွေကျပ် ၂၇၈သိန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၉၀ဦး အတွက် ငွေကျပ် ၁၃၁သိန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၂ဦးအတွက် ငွေကျပ် ၃၁သိန်းတို့အား ပြည်သူများလက်ဝယ် အရောက်ထုတ်ချေးပေးခဲ့သည်။

လေးဆယ်ကုန်းကျေးရွာတွင် အိမ်ခြေ ၄၇၀အိမ်၊ အိမ်ထောင်စု ၄၇၈စု၊ လူဦးရေ ၂၃၀၇ဦး နေထိုင်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အဓိကလုပ်ကိုင်ကြကြောင်းနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေများကို(၂၀၁၄-၂၀၁၅)ဘဏ္ဍာနှစ်တွင် ရွှေလေးကျေးရွာအား စတင်ထုတ်ချေးပေးခဲ့ပြီး ယခုအခါ ကျေးရွာပေါင်း ၄၅ရွာအား မြစိမ်းရောင်ကျေးရွာ စီမံကိန်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

(အောက်ပုံ)(၄၈၅)





# ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ရေနံချောင်း ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုယာပြင်ရပ်၊ ဆေးရုံလမ်းမှ မြောက်ဘက်ကျောက်တိုင်အထိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

အဆိုပါ လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော အိုးဘိုရပ်ကွက်၊ အိုးဘိုယာပြင်ရပ်၊ ဆေးရုံလမ်းမှ မြောက်ဘက်ကျောက်တိုင်ထိ အရှည် ၃၀၀ပေ၊ အကျယ် ၁၂ပေ၊ ထု ၆လက်မ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုလုပ်ငန်း ပြီးစီးကြောင်း သိရသည်။

(အပေါ်ပုံ)

ဆန်းညွန့်(ရေနံချောင်း)

# ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ယမန်နေ့ နံနက် ၁၀နာရီက ပွင့်ဖြူမြို့ အမှတ်(၂) အခြေခံပညာကျောင်း၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာစိုးစိုးနိုင်က ကျောင်းသား၊ကျောင်းသူများ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးရေးနှင့် ကျန်းမာပျော်ရွှင်စွာ ပညာဆည်းပူးနိုင်ရေး ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးအသိပညာပေးခြင်းနှင့်စစ်ဆေးကုသပေးခြင်းကို ရှင်းလင်းပြောကြားကြောင်း သိရသည်။(၄၄၅)

# သွေးလွန်တုပ်ကွေးကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်

**ရေနံချောင်း ဩဂုတ် ၁၉**

မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် ရေနံချောင်းတက္ကသိုလ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေး ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ်၌ ပြုလုပ်ခဲ့သည်။

(ယာပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် ရေနံချောင်းတက္ကသိုလ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူ အဆောင်များ၊ ဝန်ထမ်းအိမ်ရာများရှိ ရေလှောင်ကန်၊ သုံးရေကန်တို့၌ သွေးလွန်တုပ်ကွေးကာကွယ်ရေး(အဘိတ်)ဆေးများကို ပါမောက္ခချုပ် ဒေါက်တာအေးအေးသန့်၊ဒုတိယပါမောက္ခချုပ်ဒေါက်တာ သီတာထွေးဝင်း၊ သင်တန်းရေးရာ ဌာနမှူး ဒေါ်ညွန့်ညွန့်ဝင်း၊ တက္ကသိုလ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါက်တာခင်မေဦးနှင့် အဖွဲ့ဝင်များက လိုက်လံထည့်ခဲ့ကြောင်း သိရသည်။ (၄၇၂)





# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအကြောင်းဆွေးနွေးပွဲ ကျင်းပ

**တံတားဦး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် မြေငူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအကြောင်း ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် မြေငူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ကြည်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တံတားဦးမြို့ ဥပဒေရုံးမှ ဒုတိယဥပဒေအရာရှိ ဦးမျိုးဇော်သန့်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ကျောင်းအုပ်ဆရာကြီးနှင့်တာဝန်ရှိသူများက အသီးသီး ပြန်လည်ရှင်းလင်း ဖြေကြားပေးသည်။ အဆိုပါ ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာကြီးနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(ဝဲပုံ)

(၄၀၉)

# ရေနံချောင်းမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ဖွင့်လှစ်



**ရေနံချောင်း ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းကို ယမန်နေ့ နံနက် ၁၀ နာရီက အ·ထ·က(၁)ကျောင်း နဝဒေး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်တတ်စေရန်နှင့် ကျောင်းစာကြည့်တိုက်များမှသည် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးတို့က စာကြည့်တိုက်လုပ်ငန်းများဖြစ်သည့် စာကြည့်တိုက်ဆိုင်ရာ စီမံခန့်ခွဲနည်း၊ စာစု၊ စာပြုလုပ်ငန်း၊ မျိုးတူစုခွဲနည်း၊ စာကြည့်တိုက်ကတ်တလောက်ထားရှိခြင်း အကျိုးကျေးဇူး၊ ကတ်တလောက်စည်းမျဉ်း၊ အက္ခရာစဉ်ခြင်း၊ လက်တွေ့ကတ်ပြား ရေးသွင်းခြင်း၊ စာအုပ်စာစောင် စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းစသည့် စာကြည့်တိုက် လုပ်ငန်းဆိုင်ရာ သင်ခန်းစာများကို ရှင်းလင်းပို့ချသည်။ (ဓာတ်ပုံ)

မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများမှ သင်တန်းသားဆရာ၊ ဆရာမ ၂၅ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**လယ်ဝေး ဩဂုတ် ၁၉**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ရွာချောင်းကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ယမန်နေ့ မွန်းလွဲ၁နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူဝင့်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်း ကျင်းပရာ မြို့နယ်ဦးစီးမှူးက စေ့စပ်ညှိနှိုင်းရေးမှူး(Moderator)အဖြစ် ဆောင်ရွက်ပြီး Grade-10 မှ မစုစုပိုင်က လူငယ်နှင့်စာဖတ်ခြင်း၊ Grade-10 မှ မောင်ထူးခန့်ကျော်က လူငယ်နှင့်နည်းပညာ၊ Grade-7 မှ မဖြူစင်ကြယ်က လူငယ်နှင့်ကျန်းမာရေး၊ Grade-10 မှ မယမုံစိုးချစ်က လူငယ်နှင့်ယဉ်ကျေးမှု စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးပြီး ကျောင်းသား၊ ကျောင်းသူလေးများ၏ မေးခွန်းများအား ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး နံရံကပ်စာစောင်ပြပွဲအား ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)မြို့နယ်(ပြန်/ဆက်)**




# ကျောင်းတွင်းထူးချွန်လက်ရာပြိုင်ပွဲ ကျင်းပ

**မိုင်းပျဉ်း ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဩဂုတ်လ ပညာရေးပြက္ခဒိန်ပါ ကျောင်းတွင်းထူးချွန်လက်ရာပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

မိုင်းပျဉ်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဩဂုတ်လ ပညာရေးပြက္ခဒိန်ပါ လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ကျောင်းတွင်းထူးချွန်ပြိုင်ပွဲများ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်က အမှာစကားနှင့် ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများကို ပြောကြားသည်။ ထို့နောက် လက်မှုပညာပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများကို တစ်ဦးချင်းလိုက်သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ လက်မှုပညာပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းများကို ကျောင်းပညာရေးစုံညီပွဲတော်၌ ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အ·ထ·က ပညာရေးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနပြေ

## မေတ္တာအခါတော်နေ့

* မြတ်စွာဘုရား ထံပါးတွင်
ရဟန်းငါးရာလျှင်
တရားကျင့်စဉ် နာယူပြီး
တောအုပ်သို့ ခိုမှီး ။

* သစ်ပင်ကြီးအောက် နေသောခါ
ရုက္ခစိုးများမှာ
နေထိုင်ခက်လာ စိတ်တွေညှိုး
ခြောက်လှန့် နှံ့သက်ဆိုး ။

* အကျိုးနည်းတဲ့ တောအုပ်မှာ
ဖယ်ခွာပြီး ပြန်လာ
ဗုဒ္ဓမြတ်စွာ ထံတော်ရောက်
အကြောင်းစုံကိုလျှောက် ။

* နတ်တို့ဝမ်းမြောက် ချစ်ခင်ရာ
မေတ္တာမြဲပို့ပါ
မေတ္တာသည်သာ လက်နက်ကောင်း
မေတ္တာရေစင်လောင်း ။

* အပေါင်းငါးရာ တောအုပ်မှာ
ပြန်ပြီးတရားရှာ
နတ်တို့ချစ်စွာ စောင့်ရှောက်မွေ့
အာသဝေါ ကုန်ခန်းရွေ့
မေတ္တာအခါတော်နေ့ ။ ။

**ရွှေမင်းသား(စစ်ကိုင်း)**



# စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်

**တောင်တွင်းကြီး ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်အင်္ဂါရပ်နှင့်အညီ စနစ်တကျဖြစ်စေရေးအတွက် အခြေခံစာကြည့်တိုက်ပညာသင်တန်းကို ယမန်နေ့ နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက် (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး စာကြည့်တိုက်အဓိပ္ပာယ်၊ စာကြည့်တိုက်အမျိုးအစားများ၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာငှားလုပ်ငန်းများအကြောင်း၊ မျိုးတူစုပြုခြင်း၊ ရည်ညွှန်းစာအုပ်အမျိုးအစားများ၊ စာကြည့်တိုက်စည်းမျဉ်းစည်းကမ်းများနှင့် စာကြည့်တိုက်မှူး၏ အရည်အချင်းများအား သင်ကြားပို့ချပေးခဲ့ကာ ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က DLMS စာရင်းရေးသွင်းခြင်းနှင့်ပတ်သက်၍ ဗဟုသုတရစေရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက် ကျေးရွာစာကြည့်တိုက်မှူးများ၊ အခြေခံပညာ ကျောင်းစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**



## သတင်းပဒေသာ

### ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန် ကွင်းဆင်းကြည့်ရှု

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့တွင် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက နမ့်ခင်းအုပ်စု၊ ပန်းပဲကျေးရွာသို့ သွားရောက်ကာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြေမြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### တောင်သူအသိပညာပေး ဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် တောင်သူအသိပညာပေးဆွေးနွေးပွဲနှင့် စာဖတ်ရှိန် မြှင့်တင်ရေးအတွက် နယ်လှည့်ကွင်းဆင်းဟောပြောခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက မိုင်းလွေကျေးရွာအုပ်စု၊ မိုင်းလွေ ကျေးရွာ၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### လူငယ်ရေးရာအသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာအုပ်စာပေများ ဖတ်ရှုလေ့လာ၍ အသိပညာဗဟုသုတတိုးပွားလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက အမှတ်(၂)ရပ်ကွက် အ·မ·က (၂)ကျောင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်း (Book Club)တို့ ပူးပေါင်း၍ စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ) ရေးသားသည့် အမွေခံတစ်ယောက် အမွေပေးသူတစ်ရာစာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျိုင်းတုံမြို့၊ လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးအသိပညာပေး

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အခြေခံပညာကျောင်းများသို့ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများကို ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အ·ထ·က(မိုင်းကိုင်)ကျောင်းသို့ ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအသိပညာဗဟုသုတရရှိစေရန်၊ တစ်ဦးနှင့် တစ်ဦးအတွေးအခေါ်၊ အယူအဆများဖလှယ်တတ်စေရန်၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက ထောက်ရာတန်းကျေးရွာအုပ်စု၊ ထောက်ရာတန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်း ကျင်းပခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကိုးနဝင်းစေတီတော်တွင် သတ္တမအကြိမ်ဗုဒ္ဓါဘိသေကမင်္ဂလာ ကျင်းပ

**မန္တလေး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး-ပြင်ဦးလွင်ကားလမ်း၊ မိုင်တိုင်အမှတ်(၁၉) မိုင်(၃)ဖာလုံတွင် တည်ထားကိုးကွယ်လျက်ရှိသော အန္တရာယ်ကင်းကိုးနဝင်းစေတီတော်တွင် ဩဂုတ် ၁၈ ရက် နံနက် ၉နာရီခွဲက ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်) ကျောင်းအုပ်ကြီးဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်၊ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးစီး၍ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့မိသားစုများနှင့်အလှူရှင်မိသားစုဝင်များက သတ္တမအကြိမ်ဗုဒ္ဓါဘိသေက မင်္ဂလာ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ပေတဥဒ္ဒိသမင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူပြီး အန္တရာယ်ကင်းပရိတ်တရားတော်များနာယူကာ ဝါဆိုသင်္ကန်းများကပ်လှူခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှဝေကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော် ၁၁ ပါးအား နေ့ဆွမ်းကပ်လှူဒါန်းခြင်းနှင့်ကြွရောက်လာသော ဧည့်သည်များအား နေ့လယ်စာကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)(ကဆ)**

## ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**ညောင်ဦး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရွှေစည်းခုံဘုရားကြီးတောင်ဘက်ရေးဟောင်းစောင်းတန်းနှစ်ခုအတွင်းနှင့် ရှစ်မျက်နှာဘုရားတို့တွင် ဩဂုတ် ၁၇ရက် နံနက် ၇နာရီက ညောင်ဦးခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့သည်။

ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ ခရိုင်စီမံအဖွဲ့ဝင်များနှင့် ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ညောင်ဦးမြို့နယ်ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီးတောင်ဘက်ရေးဟောင်းစောင်းတန်းနှစ်ခုကြားနှင့် ရှစ်မျက်နှာဘုရားတို့တွင် အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ကန္တာရပင်များနှင့်ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များအား ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တို့ဖြင့် ရှင်းပြီးသား ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများအား စည်ပင်သာယာရေး အမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၈၁)**





## (၈၃)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၂ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

**သရက် ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ်လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၈၃) ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၂ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေလောင်းလှူပွဲကို ယနေ့ နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက်ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင်၊ စေတနာရှင်များစုပေါင်း၍ လစဉ် လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူလျက်ရှိရာ (၈၃) ကြိမ်မြောက် လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ သီလရှင် ၆၂ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ အသုံးဆောင်ပစ္စည်းများ လောင်းလှူခြင်းကို စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ လောင်းလှူပြီး ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်းဆရာတော်ထံမှ ၈ ပါးသီလခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှတန်းဝေခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

## မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ (မန္တလေးတိုင်းရုံး) ကုသိုလ်ပြုရေး ဆောင်ရွက်ရန် အလှူငွေပေးအပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းရုံး)သို့ ဩဂုတ် ၁၅ ရက်က ကုသိုလ်ပြုရေးအလှူတော်လုပ်ငန်းစဉ်များဖြစ်သော ရေအလှူတော်စက်သုံးဆီ ဝယ်ယူအသုံးပြုရန် အလှူငွေကျပ် ၁၀ သိန်း ကုသိုလ်ပြုရေးယာဉ်ဝယ်ယူရန် မ,တည်အလှူငွေကျပ်သိန်း ၅၀၊ စုစုပေါင်း ဟုမ္မလင်းမြို့နေ ကိုကျော်ဝဏ္ဏမိသားစုမှ ငွေကျပ်သိန်း ၆၀ အား လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းရုံး)ဥက္ကဋ္ဌ ဦးလှိုင်မင်းဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(ကဆ)**

# တိုးတက်ရေးမဂ္ဂဇင်း မိတ်ဆက်(၂)

တိုးတက်ရေးဦးစိန်(ဦးပဂျိဂို)ရဲ့ အစ်ကို ဟာ မြန်မာနိုင်ငံ ကာယဗလဖခင် 'ကာယဗလ ဦးရှိန်' ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၂၃ ခုနှစ်က မြန်မာနိုင်ငံ ကိုယ်လက်ကြံ့ခိုင်ရေး၊ ကာယ ဗလလေ့လာလိုက်စားရေးကို ဝါဒဖြန့်ရန် အစ်ကို ဖြစ်သူ ဦးရှိန်နဲ့အတူ 'နဖူးစာရှာလည်'၊ 'ခင် လေးသစ္စာတင်သစ္စာ' ရုပ်ရှင်ဇာတ်ကားတွေမှာ စတန့်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ဖူး ပါတယ်။

မြန်မာလူကျော်၁၀၀၊ ဒုတိယအုပ်(စာ-၈၃)
မောင်ဇေယျာ

တိုးတက်ရေးမဂ္ဂဇင်းက လစဉ်ဦးစားပေး ဖော်ပြနေတဲ့ အားကစားနဲ့ ကျန်းမာရေးကဏ္ဍမှာ ကာယဗလဦးရှိန်ကလည်း ဆောင်းပါးတွေရေးပါ တယ်။ ၁၉၃၃ ခုနှစ် အောက်တိုဘာလထုတ် မှာ '**တိုးတက်ရေးနှင့် ကျန်းမာခြင်း**'ကို ဖော် ပြလိုပါသည်။

လူအပေါင်းတို့သည် ကိုယ်ကျန်းမာ စိတ် ချမ်းသာအောင် နေ့ညမပြတ် ရှာဖွေစုဆောင်း ကြသည်သာတည်း။ အသက်ရှည်ခြင်းထက် ယခုချက်ချင်းသေရတာက ကောင်းပါသေးသည် ဟု ငြီးငြူသံများကို မကြာခဏကြားရသည်ကား အသက်ရှည်လျက် ရောဂါဝေဒနာ ဖိစီးနှိပ်စက် မှုကို ခံနေရရှာသော လူမမာများ၏ သနားစရာ ကောင်းသော အသံများ ဖြစ်လေသည်။

တစ်ခါတစ်ရံ အမျိုး၏မျက်နှာဖုံး ပုဂ္ဂိုလ် ကြီးများ အသက်တန်းမတိုင်မီ တိုင်းပြည်တွင် ဆုံးရှုံးရသည့်အခါ နောင်လာနောက်သားတို့၏ အားထားရာပညာရပ်များ တိုးပွားသင့်သလောက် မတိုးပွားချေ။ ဥပမာ-ဦးရွှေဇံအောင်သည် အဘိ ဓမ္မတရားတော်ကို အင်္ဂလိပ်ဘာသာဖြင့် အနောက် နိုင်ငံသားများ မျက်စိပွင့်အောင် ကျမ်းတစ်စောင် ရိုက်နှိပ်လိုက်သည့်အခါ ဂျာမနီပြည်က မိမိတို့ ဂျာမန်စာပေဖြင့် ပြန်ဆိုရေးသားကြလေသည်။ ဤပုဂ္ဂိုလ်ကြီးသည် ယခုအခါ အသက်ရှည်ပြီး နေထိုင်ပါမူ ကျွန်ုပ်တို့၏ အမျိုးသားတိုးတက်ရေး သည် များစွာတိုးပွားမည်ဟု ယုံမှားဖွယ်မရှိ။

ကျန်းမာသန့်စွမ်းရေးပညာကို မည်သည့် ဘာသာ၊ မည်သည့်လူမျိုးမဆို မသိလျှင် မနေ အပ်သောပညာဟု တစ်ထစ်ချမှတ်ယူအပ်ပေသည်။ အသက် ၉၄ နှစ်ရှိ ကမ္ဘာပေါ်တွင် အချမ်းသာဆုံး 'ရော့ဖဲလား'သည် မိမိကျန်းမာရေးကို ဘောလုံး ရိုက်၍ လမ်းများစွာ လျှောက်ရသော ကစား နည်းကို အစဉ်လေ့ကျင့်သူဖြစ်သည်။ အကယ်၍ ဆေးကောင်းများရှိလျှင် ငွေသိန်းချီပေးနိုင်သူ ဖြစ်ပါလျက် အဘယ်ကြောင့် အချိန်ကုန်သော လမ်းလျှောက်ခြင်းကို ပြုလုပ်မည်နည်း။ ဂျော့ ဘုရင်သည် ဒေလီမြို့သို့ ရာဇဘိသိက်သွန်းလောင်း ရာကို အင်္ဂလန်ပြည်မှလာစဉ် သင်္ဘောပေါ်တွင် 'ဆန်ဒို'၏ လက်နှိပ်သံလုံးကလေးများကို ကျန်းမာရေးအတွက် လေ့ကျင့်လာသည်။ အိုင်ရာ လန်ပြည်သား 'အိုလာရီ'သည် အသက် ၉၃ နှစ်အရွယ်ရှိပြီး တစ်နေ့ ဆယ်မိုင်လမ်းလျှောက် ၍ အသက်ရှည်စွာနေရကြောင်း ပြောခဲ့ဖူးသည်။ 'သူသည် အသက်ရှည်၍ လမ်းလျှောက်နိုင်သည် မဟုတ် လမ်းလျှောက်၍ အသက်ရှည်သည်ဟု ပြောပြလေသည်'လို့ ဆရာကြီး ကာယဗလ ဦးရှိန်က ရေးခဲ့ပါတယ်။

အခု မြန်မာခြေလျင်အဖွဲ့ရဲ့ ကျန်းမာရေး ကဏ္ဍမှာ ''မအိုမနာပဲ နှပျိုနေလိုပါသလား'' ကို ဖော်ပြလိုပါတယ်။

သင်သည် အိုချင်သလော ၊ နာချင်သလော ဟူ၍ မေးမြန်းလာအံ့ 'မအိုချင်ပေါင်ဗျာ၊ မနာချင် ပေါင်တော် ဖွ လွဲပါစေ' စသည့်ဖြင့် အသီးသီး ပြောကြားကြမည်ပင်။ အိုလို နာလိုသူကို တွေ့နိုင် မည်မဟုတ်။ သင်တို့အား အိုခြင်း၊ နာခြင်းဘေးမှ လွတ်မြောက်စေလျက်။ အစဉ်ပျိုမြစ်နုနယ်စေသည့် စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်း တရားသုံးပါးတို့ကို အလိုအလျောက် ထိန်းကျောင်း ပေးမည့် အထိန်းအညာ သော့ချက်သည်ကား နံနက်စောစောလမ်းလျှောက်ခြင်း ဖြစ်၏။

လမ်းလျှောက်ခြင်းဖြင့် ကိုယ်တွင်းရှိ အညစ် အကြေးတို့သည် ချွေးအဖြစ်ထွက်မည်။ အသွေး အသားတို့သည် စင်ကြယ်သန့်ရှင်းမည်။ စားသမျှ သောက်သမျှတို့သည် ကောင်းစွာကြေကျက်မည်။ ဝမ်းမီးကောင်းပြီး အိပ်ပျော်မည်။ ဤမျှအကျိုးထူး အကျိုးမြတ်တို့ကို ပေးစွမ်းနိုင်သောလမ်းလျှောက် မှုကို စိတ်ပါလက်ပါလေ့ကျင့်ကြသည်ဖြစ်အံ့။ အိုခြင်း၊ နာခြင်းတို့ ရှိနိုင်တော့အံ့နည်း။ အချင်းတို့ သင်တို့သည် မအိုလိုသူ၊ မနာလိုသူတို့ တကယ် ဖြစ်အံ့၊ အပြောနှင့် ကျွန်ုပ်တို့က မယုံကြည်နိုင်။ နံနက်စောစော လမ်းလျှောက်သည်ကို တွေ့မြင် ရမှသာ ယုံကြည်ပါအံ့။

ယနေ့ယခုကအစပြု၍ လမ်းလျှောက်ကြပါ လော့။

မောင်အုန်းခင်
မြန်မာခြေလျင်အဖွဲ့အကျိုးဆောင်
၃၄-ဧရာဝတီလမ်း
အလုံ-ရန်ကုန်မြို့၊

မြန်မာခြေလျင်အဖွဲ့အကျိုးဆောင် မောင်အုန်း ခင်ဆိုသူဟာ ခြေလျင်ဦးအုန်းခင်(ခေါ်)သတင်းစာ ဆရာကြီး ဗမာ့ခေတ်ဦးအုန်းခင်(မိုးကြိုး)ဖြစ်ပါ တယ်။ ဆရာကြီးဟာ ၁၉၃၁ ခုနှစ် အသက် ၂၉ နှစ်မှာ နှလုံးရောဂါကြောင့် ကျန်းမာရေးအင်မတန် ကို ဆိုးရွားနေပါတယ်။ ကိုက်ငါးဆယ်ကွာဝေးတဲ့ မဖြစ်စလောက်ခရီးတိုကလေးတောင် တစ်ထောက် နားပြီးမှ ဆက်လျှောက်နိုင်တာပါ။ အထူးကု ဆရာဝန်ကြီး 'ကာနယ်လက်'က ရောဂါက ကျွမ်း နေပြီ ခြောက်လသာ အသက်ရှင်နိုင်တော့မယ်လို့ ပြောပါတယ်။

ဒါပေမဲ့ ကာယဗလဦးရှိန်ရဲ့ ညွှန်ပြမှုနဲ့အညီ လမ်းမှန်မှန်လျှောက်တော့မှ နှလုံးရောဂါ လုံးဝ ကင်းစင်ပြီး အသက် ၈၆ နှစ်အရွယ် (၂၇ ဇန်နဝါရီ ၁၉၈၉)ရက်ကျမှ ကွယ်လွန်ပါတယ်။

တိုးတက်ရေးမဂ္ဂဇင်းဟာ ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးက ပညာရှင်တွေရဲ့ စာပေ၊ သမိုင်း၊ လထပ်ရက်ငင် စတဲ့ အကြောင်းအရာ တွေကို တစ်ဖက်နဲ့တစ်ဖက် အားပြိုင်ရာ 'စာပေ ကွင်း' ဖြစ်ပါတယ်။

အခုရှေ့နေဦးဘဦး တန့်ဆည်မြို့ရဲ့သမိုင်းနဲ့ သက်ဆိုင်တဲ့ဆောင်းပါးကို တင်ပြလိုက်ပါတယ်။

**အနော်ရထာ ကိုင်ဖွန်ဖူးမြို့တော်သို့ မရောက် ကြောင်း**

ယုနတ္တိပြစကားစု

ရှေးကအခေါ်ပေါက္ကန်၊ ယခုပုဂံခေါ်သော အနော်ရထာမင်း၏ နေပြည်တော်နှင့် ယခုကာလ အချို့တရုတ်များ ပြည်ကြီးသို့ သွားရာလမ်းဖြစ် သော ဗန်းမော်မြို့သည် ၃၂ ယူဇနာနှင့် တာငါးရာ၊ သိုးဆောင်းတို့အခေါ် ၄၁၇ မိုင်ခန့် ကွာဝေး၏။ ၎င်းဗန်းမော်က ကိုင်ဖွန်ဖူးမြို့တော်သို့ မြန်မာပြည် တွင် လာရောက်နေထိုင်ကြသော တရုတ်ထောင် ကဲကြီးများက ပြောသည်မှာ တစ်လကျော်ကျော် လားနှင့်တစ်တန်၊ မြင်းနှင့်တစ်တန်၊ ကားနှင့်တစ် တန်၊ လူထမ်းစင်နှင့်တစ်တန်၊ ခြေလျင်တစ်တန်၊ မြစ်ချောင်းတောတောင်အတန်တန်တို့ကို ငှားရမ်း ကူးဖြတ် နင်းကျော်သွားလာရကြောင်းနှင့် ပြော ကြ၏။ အနော်ရထာမင်း၏ စစ်သည်တော် ၇၂,၀၀၀,၀၀၀ အတွက် ငှားရမ်းမည့် မြင်းရှင်၊ လားရှင်၊ ထမ်းစင်သမားများ ငှား၍ရနိုင်ဖွယ်ရာ မရှိပေ။

အရမ်းအဆအားဖြင့် ၄၁၇ မိုင်ကို ပုဂံမှ ဗန်းမော်သို့ အနော်ရထာ၏စစ်သည်တို့ ချီတက် ပါလျှင် ၃၂ ရက်ခန့် သွားရသောခရီးလမ်းဖြစ်၍ ဗန်းမော်က တစ်ဖန် ခရီးစဉ်အတိုင်း နှစ်ရက် ပေါင်းသော် နှစ်လနှင့် နှစ်ရက်ခန့် သွားရမည့်ခရီး ဖြစ်ပါသည်။

ရှေးကစစ်သည်များသည် တစ်နေ့လျှင် တစ် ယူဇနာ ခရီးမျှ ရွှေ့ပြောင်းသွားလာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထမင်း၊ ဟင်း ချက်ပြုတ် စားသောက်ရခြင်း ရေ၊ ထင်း ရှာရခြင်းကြောင့် ဖြစ်ကြောင်း။

စစ်သား ၇၂,၀၀၀,၀၀၀ တို့အတွက် ဆိုမူ သာ၍ ခဲယဉ်းသဖြင့် မြစ်ကြီး၊ ကန်ကြီး၊ ချောင်း ကြီးများရှိသော နေရာမှသာ စခန်းချနိုင်ရာသည်။

**စားနပ်ရိက္ခာအကြောင်း**

ပျမ်းမျှအားဖြင့် ပိဿာ ၃၀ ထွက် နွားတစ် ကောင်ကို ညဥ့်နံနက်စာ စစ်သားပေါင်း ၂၀၀ ခန့် စားနိုင်၏ ။

စစ်သားပေါင်း ၇၂,၀၀၀,၀၀၀ အတွက်

| | | |
|---|---|---|
| တစ်နေ့ | နွားကောင်ရေ | ၃၆၀,၀၀၀ |
| တလမှာ | နွားကောင်ရေ | ၁၀,၈၀၀,၀၀၀ |
| လေးလမှာ | နွားကောင်ရေ | ၄၃,၂၀၀,၀၀၀ |

နွားတစ်ကောင်၄/-(လေးကျပ်)တန်ဖိုး
၁၇၂,၈၀၀,၀၀၀

**ဆန်အကြောင်း**

လူတစ်ယောက် တစ်နေ့ တစ်ခွက်ကျထား သော်

| | | | |
|---|---|---|---|
| ၇၂,၀၀၀,၀၀၀ အတွက် | တစ်နေ့ | ၂၂၅၀၀၀၀ | တင်း |
| ၎င်း | တစ်လ | ၆၇,၅၀၀,၀၀၀ | တင်း |
| ၎င်း | လေးလ | ၂၇၀,၀၀၀,၀၀၀ | တင်း |

ဆန်၊ ငွေတစ်ကျပ် သုံးတင်းကျ တန်ဖိုး ၉၀,၀၀၀,၀၀၀

ဟင်းဖိုးနှင့် ဆန် နှစ်ရပ်ပေါင်း ငွေ ၁၃၃, ၂၀၀,၀၀၀ ဖြစ်၏။ သို့ဖြစ်၍ အနော်ရထာမင်း တရုတ်ပြည်ကြီးသို့ သွားရောက်ချီတက်တော် မူခြင်း မဖြစ်နိုင်ပါ။

(မူလစာပါ သတ်ပုံအတိုင်း)

အခု စာလုံးပေါင်းသတ်ပုံ အငြင်းပွားမှုကို တင်ပြလိုပါတယ်။ ဆရာကြီး ဟံသာဝတီ ဦးဘ ရင်နဲ့ ဦးကျော်ထွန်း(အငြိမ်းစား အရေးပိုင်)တို့ 'န'သတ် ပုသိန်မြို့၊ 'မ'သတ် ပုသိမ်မြို့လို့ သတ် ပုံအငြင်းပွားတဲ့ ဆောင်းပါးတွေကို အကိုးအကား အထောက်အထားတွေနဲ့ ၁၉၃၅ ခုနှစ်၊ ဖွန်လထုတ် တိုးတက်ရေးမဂ္ဂဇင်း 'စာပေကွင်း'မှာ အပြန်အလှန် အားပြိုင်ကြပါတယ်။

ဒါကြောင့် ဒီပွဲမှာ မနေသာတဲ့ ပါဠိဆရာကြီး ဆရာဘီက ဦးကျော်ထွန်းနှင့် ဦးဘရင်

ရေးသူ-ပါဠိဆရာကြီး ဆရာဘီ

အရေးပိုင်မင်း ဦးကျော်ထွန်းနှင့် ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက် အယ်ဒီတာ ဦးဘရင်တို့ 'မ' သတ် ပုသိမ်မြို့၊ 'န'သတ် ပုသိန်မြို့ဟု အရေး အသားနှစ်ထွေနှစ်ပါး ဝါဒကွဲပြား၍ နေကြရာ တွင် သန္ဓေသာဖြင့် ဆန္ဒာဂတိ စသည် လေးပါး မလိုက်စားဘဲ ရေးသားဖြန့်ဖြေလိုက်ပါ အံ့သ တည်း။

ပညာရှိ အကျော်အမော်ပုဂ္ဂိုလ်ကြီး နှစ်ဦး လုံးသည် ပေါရာဏကထာ၊ သမိုင်း၊ ကျောက် စာ၊ ပို့၊ ကဗျာ၊ ရာဇဝင် စသော ဗဟုသုတ ပညာ၊ ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ အဘိဓာန်၊ ဝိနည်း ကျမ်းဂန် စသော ပညာတို့ကို တတ်မြောက် မုန်သောက် ပုဂ္ဂိုလ်နှစ်ဦးဟူ၍ပင် ချီးမွမ်းဘွယ် ထင်ပေသည်။

၎င်းပြင် တဖြာခပ်သိမ်းသော ပညာဝါတို့ သည် သူသာငါရှုံး၊ နှလုံးအညီ၊ မုန်းမသီပဲ၊ ဉာဏ်ဆီညွှစ်ကာ၊ မေတ္တာခန္တီ၊ မနသီဖြင့်သာ၊ နောက်နောင်ခါရေးသားကြပါမည့်အကြောင်းကို ခွင့်တောင်းပန်ထွာ၊ ကျွန်ုပ်မှာသည်၊ အားလုံး သော ကဗျာကဝေ မဟာဆွေတို့။

ဆရာဘီ၊ ပါဠိဆရာ
၁၁၀လမ်း၊ ၁၇၊ တောင်ညွန့်
ရန်ကုန်မြို့
(မူလစာပါအတိုင်း)

အခု စာလုံးပေါင်းသတ်ပုံအပေါ် မျက် မှောက်ခေတ်ပညာရှင်တွေရဲ့ ခံယူချက်ကို တင်ပြ ချင်ပါသေးတယ်။

ဒေါက်တာသန်းထွန်း
**ငါပြောချင်သမျှ ငါ့အကြောင်း** (စာ-၁၁၄)
**စာလုံးပေါင်း**

ဒေါက်တာ မောင်ဖြူး(ဂွမ်လျောင် ၁၉၀၅- အောက်တိုဘာ ၁၉၇၀)

ဆေးရုံမှာဆိုလို့ ငါသွားတွေ့တယ်။ 'ခင်ဗျား ရေးတဲ့ သာလွန်မင်းအုပ်ချုပ်ရေးကို ကျုပ် ဖတ်ပြီးပြီ သိပ်ကြိုက်တယ်ဗျာ Congra- culations မင်းဆိုတာ ပြည်သူစိတ်ဝမ်းငယ် အောင် မလုပ်ရဘူးလို့ ပြောတာလဲ သဘောကျ တယ်။ ခင်ဗျားကိုတွေ့ရင် ပြောမယ်လို့ စဉ်းစား ထားတာ တစ်ခုရှိသေးတယ်။ စာလုံးပေါင်း အကြောင်းဗျ။ ဘယ်သူမှမမှားတဲ့ စာလုံးပေါင်း ကို ခင်ဗျားတစ်ယောက်တည်းက မှားမရေးနဲ့။ ပညာရှိတွေ ငြင်းခုန်ကြတုန်းဆိုရင် သက်သာ တာကိုရေးဗျ။ စာရေးတယ်ဆိုတာ စကားပြော တာရဲ့ ကိုယ်စားလှယ်ပဲ။ ဒီတော့ ပြောသလို ရေးတာ ဘယ်မှားမလဲ မဟုတ်လား။ နောက်ဆုံး ပြောချင်တဲ့အချက်က ဟန်မလုပ်နဲ့၊ ဟန်လုပ်ရင် မှားတာပဲ'လို့ ပြောပါတယ်။

ဆက်လက်ဖော်ပြလိုတာက သမိုင်းပညာ ရှင် ဒေါက်တာသန်းထွန်းရဲ့ ခံယူချက်ဖြစ်ပါတယ်။

**ရှေးသတ်ပုံနဲ့ အခုသတ်ပုံ**

ခရစ်နှစ် ၁၁ ရာစု နှစ်လယ်လောက်ရောက် တဲ့အခါမှ မြန်မာတွေ ကိုယ်ပြောတဲ့စကားကို အက္ခရာသုံးပြီး ရေးတတ်တယ်။ လောကထိပ်ပန် ဘုရားနံရံစာက စာလုံးပေါင်းတွေကို ကြည့်ပါ။

အမှတ် ၁၃၀၊ ဧပြီလ၊ ၂၀၀၄ ကလျာ မဂ္ဂဇင်းမှာ ပါပါတယ်။

စကားက လူဖြစ်ကတည်းက ပြောလာကြ တာဖြစ်ပေမယ့် စကားကို အက္ခရာနဲ့ ရေးတတ် တာက အနှစ်ကိုးရာ၊ တစ်ထောင်ပဲ ရှိဦးမယ်။ စရေးတော့ သတ်ပုံက ဘယ်စနစ်ကျဦးမှာလဲ။ အမျိုးမျိုးစမ်းရေးရင်း နောက်မှ 'ဒီလိုရေးမှ မှန် တယ်'ဆိုတာမျိုး အချုပ်အချယ်ဖြစ်လာတာပါ။ ကျွန်တော်တို့တော့ လွတ်လပ်တာပဲ ကြိုက်တယ်။ သတ်ပုံသမားတွေကို အထင်သေးပါတယ်

ဒေါက်တာသန်းထွန်း

အစောဆုံးအက္ခရာတင် တိုင်းရင်းမြန်မာ မှတ်တမ်းများ

စာအုပ် (စာ-၂၇၄)

အမှတ် ၁၃၀၊ ဧပြီလ၊ ၂၀၀၄၊ ကလျာ မဂ္ဂဇင်းမှာ ပါရှိတာကို ရည်ညွှန်းရင်း နိဂုံးကမွတ် အဆုံးသတ်လိုက်ပါတယ်။

ညွန့်မောင်(တောင်လေးလုံး)

# မိုင်းယောင်းမြို့တွင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်



**မိုင်းယောင်း ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် တပ်နယ်နှင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ မြို့နယ်အတွင်း ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ စေတီပုထိုးများ၊ သာသနိက အဆောက်အအုံများ၊ အများပြည်သူဆိုင်ရာနေရာများအား အပတ်စဉ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ပုဗ္ဗဝိဇယစေတီတော်၊ အ.မ.က(ဝမ်လွတ်)၊ အ.မ.က (ယမ်းခမ်း)၊ မူလွန် (ယမ်းလဲ) ကျောင်းတို့၌ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်သားများ၊ ထွေ၊ အုပ်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ပင်အောက်တက်များ ရှင်းလင်းခြင်း၊ အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်းအလင်းဖွင့်ခြင်း၊ စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်း၊ သစ်ရွက်ခြောက်ကြွေများ လှည်းကျင်းရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ခြင်ယင်ပေါက်ပွားမှု မရှိစေရေး ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ဝေဝေခိုင်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်(အရှေ့ပိုင်း) သန်းခေါင်စာရင်းကော်မတီလုပ်ငန်းဆိုင်ရာ တွေ့ဆုံရှင်းလင်းပွဲ ကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၁၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊သန်းခေါင်စာရင်းကော်မတီလုပ်ငန်းဆိုင်ရာ တွေ့ဆုံရှင်းလင်းပွဲအား ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး(ကျိုင်းတုံမြို့)၌ ကျင်းပသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ (ကိုယ်စား) ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင်-၃ ဦးလုကာက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကော်မတီအသီးသီး၏ ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် မြေပြင်ကွင်းဆင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ဆွေးနွေးရာ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ် စံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**ကျွန်းလှ ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာအုပ်စု၊ တပ်ကုန်းကျေးရွာ၊ ကွင်းအမှတ်(၄၉၅) တောင်သူ ဦးကျော်တင်၏ လယ်မြေ(၇)၌ ယနေ့ နံနက် ၇ နာရီက မိုးစပါးမျိုးစေ့ထုတ်စံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပသည်။

"ဒီနှစ် တောင်သူတွေ ဧရာမင်း စပါးမျိုးကို မျိုးစေ့ထုတ်ကွက်အဖြစ် စိုက်ပျိုးလာကြပါတယ်။ စိုက်ပျိုးရာမှာ သိပ္ပံနည်းကျ စိုက်နည်းဖြစ်တဲ့ ခြောက်တန်း တစ်တန်းစနစ်နဲ့ စိုက်ပျိုးကြပါတယ်။ ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း မျိုးကောင်း မျိုးသန့်တွေထွက်ရှိခြင်းဖြင့် ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ကျွန်းလှမြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးနှင့် စိုက်ပျိုးရေးပညာရှင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန် ၃၄၀၉၇ ဧကလျာထားပြီး ယနေ့ထိ ၂၉၅၇၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မျိုးစေ့ထုတ်စံပြကွက် ဧက ၁၃၀၊ ပန်းတိုင်အထွက်စံပြကွက် ဧက ၃၀၀နှင့် SRI ၁၀ ဧကလျာထား စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(အပေါ်ယာပုံ)**

**(၄၈၀)**



# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနား ကျင်းပ

**ကလေး ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းနှင်းဆီခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ကလေးမြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ကြပြီး ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုံက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမဒေါ်လေးလေးလှိုင်က လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ စာပဒေသာဝေဆာစေမည် Video Clip ကို ပြသခဲ့ပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ပုံပြင်ပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းစာကြည့်တိုက်အတွက် လှူဒါန်းသော သုတ၊ ရသစာအုပ်များကို မြို့နယ်ပညာရေးမှူးနှင့် အဖွဲ့ဝင်များက အသီးအသီးပေးအပ်ခဲ့ကြသည်။

ထို့နောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား တက်ရောက်လာသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်ပိုစတာများ၊ စာအုပ်၊ စာစောင်များကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စားအုန်းဆီလက်ကားရည်ညွှန်းဈေး ငွေကျပ် ၂၀၀ ကျော် ဈေးတက်

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုများအရ ယခုတစ်ပတ် ဩဂုတ် ၁၉ရက်မှ ဩဂုတ်၂၅ရက် အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေး တစ်ပိဿာလျှင်ငွေကျပ် ၆၁၇၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ် ဩဂုတ် ၁၂ရက်မှဩဂုတ်၁၈ရက်အထိ စားအုန်းဆီရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၅၉၄၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် အခြေခံလက်ကားရည်ညွှန်းဈေးသည် ငွေကျပ်၆၁၇၀ဖြစ်သဖြင့် ငွေကျပ် ၂၀၀ ကျော်ခန့် ဈေးတက်သွားခြင်း ဖြစ်သည်။ စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သင်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အပတ်စဉ်ထုတ်ပြန်ပေးလျက် ရှိသည်။

အပတ်စဉ်ဖော်ပြပေးထားနေသော အခြေခံလက်ကားရည်ညွှန်းဈေးသည် ရန်ကုန်အထိုင်လက်ကားဈေးဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ သယ်ယူပို့ဆောင်ရသဖြင့် မြို့အလိုက် သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ သတ်မှတ်ထားသည့် အမြတ်ရာခိုင်နှုန်းမှလွဲ၍ စားအုန်းဆီများကို ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ခြင်းနှင့် လက်လီဈေးကွက်တွင် ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးဖြင့် ရောင်းချခြင်း မရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**



# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်များ၏(၂၇) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ




နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ (၂၇) ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေး ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၌ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ဦးစွာပြည်ထောင်စုတရားသူကြီး ချုပ် ဦးသာဌေးက တရားရုံးများ သည် အမှုများကို ကြန့်ကြာမှုမရှိ စေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေး ပြီးပြတ်ရေး ကြိုးပမ်းဆောင်ရွက် ကြရန်လိုကြောင်း၊ လူ့အဖွဲ့အစည်း အတွင်း မနှစ်မြို့ဖွယ်မုဒိမ်းမှုများ၊ လူသတ်မှုများ စသည့် ကြီးလေး သည့်ပြစ်မှု ကျူးလွန်သူများအပေါ် တွင်လည်း ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်ကြရန်လို ကြောင်း၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်သည် အချိန်တိုအတွင်း အမှုများပြီးပြတ် သွားသည့်အတွက် တရားမမှုများ မှန်မှန်ကန်ကန်ဖြင့် မြန်ဆန်စွာ ပြီးပြတ်ရေး များစွာအထောက် အကူဖြစ်စေကြောင်း၊ ထို့ကြောင့် တရားရုံးက ဦးဆောင်သည့် စေ့စပ် ဖြေရှင်းရေးစနစ် ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက် သွားကြရန် ဖြစ်ကြောင်း၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့် အာဏာများကို အပ်နှင်းထားပြီး ဖြစ်သည့်အပြင် တီထွင်မှု မူပိုင်ခွင့် ဥပဒေအရ စွဲဆိုမှုများ စစ်ဆေး စီရင်ရေးဆိုင်ရာ လုပ်ထုံး၊ လုပ်နည်း များကိုလည်း ထုတ်ပြန်ထားပြီး ဖြစ်၍ လိုက်နာဆောင်ရွက် သွားကြရန်ဖြစ်ကြောင်း၊ သီးသန့် တရားရုံးဖြင့် ရုံးထိုင်စစ်ဆေးနေ သည့် အမှုများကိုလည်း ကြန့်ကြာ မှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေး ပြီးပြတ်ရေးအတွက် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းများ လေလွင့် ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး တရားရုံး များက မြန်မြန်ဆန်ဆန် စစ်ဆေး ဆုံးဖြတ်ရန် လိုကြောင်း။

ထို့ပြင် သက်သေခံပစ္စည်း စီမံခန့်ခွဲသည့် အမိန့်အပေါ် တက်ရောက်သည့် အမှုများကို လည်း အထက်တရားရုံးများက ဦးစားပေးကြားနာဆုံးဖြတ်ပေးရန် လိုကြောင်း၊ တရားရုံးအဆင့်ဆင့် တွင် တာဝန်ထမ်းဆောင်နေကြ သည့် တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်း ဆိုင်ရာ ကျွမ်းကျင်မှုတိုးတက်စေ ရေးအတွက်လည်း ဆောင်ရွက် လျက်ရှိရာ ပြည်ပသို့အစည်းအဝေး များ၊ ဆွေးနွေးပွဲများ၊ သင်တန်း များနှင့် ပညာသင်စေလွှတ်ခြင်း ဖြင့် ဒေသတွင်းတရားစီရင်ရေး ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးကျေးဇူးများ ရရှိမည့်အပြင် တရားသူကြီးများ၏ စွမ်းရည်တိုး မြှင့်မှုကဏ္ဍအတွက်လည်း များစွာ အထောက်အကူ ဖြစ်စေပါကြောင်း၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ကြရာ တွင် မှားယွင်းမှုများ၊ အားနည်း ချက်များမရှိစေရေး အဆင့်ဆင့် အလေးထား စိစစ်ဆောင်ရွက်ကြ ရန်လိုကြောင်းနှင့် အလေးထား ဆောင်ရွက်ရမည့် ကိစ္စရပ်များ အပေါ် သေချာစွာစိစစ်ခြင်း မပြုမှု ကြောင့် ဌာနအတွက်၊ နိုင်ငံအတွက် ထိခိုက်နစ်နာမှုများ မဖြစ်ပွား စေရေး ကြပ်မတ်ဆောင်ရွက်ကြ ရန်လိုကြောင်း၊ ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရမည့် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်၊ စည်းကမ်း များကိုလည်း လိုက်နာစောင့်ထိန်း ကြရန်နှင့် ပေးအပ်သည့် တာဝန် ဝတ္တရားများကို ကျေပွန်စွာ၊ ဖြောင့်မတ်မှန်ကန်စွာ ထမ်းဆောင် သွားကြရန်ဖြစ်ကြောင်းပြောကြား သည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး သို့ပြည်ထောင်စုတရားလွှတ်တော် ချုပ် တရားသူကြီးများ၊ ညွှန်ကြား ရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များနှင့် ညွှန်ကြားရေး မှူးများ တက်ရောက်ကြပြီး တိုင်း ဒေသကြီး/ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်များ နှင့် တိုင်းဒေသကြီး/ ပြည်နယ် တရားရေး ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်ကြပြီး အစည်းအဝေး ကို ၂၀ ရက်အထိ ကျင်းပမည်ဖြစ် ကြောင်းသိရသည်။ **သတင်းစဉ်**

## ဈေးနှုန်း တည်ငြိမ်ရန်ဆောင်ရွက်နေသည့်အပြင် ဆန်အဟောင်း၊ စပါးအဟောင်းနှင့် နွေစပါးဆန်အသစ်များလည်းရှိသည့်အတွက် ပြည်တွင်း ဆန်စပါးဖူလုံမှုအတွက် စိုးရိမ်ရန်မလိုကြောင်း MRF ဥက္ကဋ္ဌ ပြော



နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် ဆန်ကုန်သည်နှင့် ဆန်စက်လုပ်ငန်းရှင်များအသင်း အခြေခံစားသုံးသူပြည်သူများသို့ သက်သာသောနှုန်းဖြင့် ဆန်များ ရောင်းချပေးနေစဉ်။

ရန်ကုန် ဩဂုတ် ၁၉

ဈေးနှုန်းတည်ငြိမ်ရန် ဆောင်ရွက် နေသည့်အပြင် ပြီးခဲ့သည့်နှစ်က ဆန်အဟောင်း၊ စပါးအဟောင်း နှင့် နွေစပါးဆန်အသစ်များလည်း ရှိသည့်အတွက် ပြည်တွင်းဆန် ဖူလုံမှု အပြည့်အဝရှိ၍ စိုးရိမ်စရာ မရှိကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်(MRF)မှ ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

"ဆန်လည်း လုံလုံ လောက်လောက် ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မနှစ်က ဆန်အဟောင်းလည်း ရှိတယ်။ နွေစပါးပေါ်တဲ့ ဆန်အသစ်လည်း ရှိတယ်။ နေပြည်တော်ကောင်စီ အလယ်ပိုင်းဒေသဆိုရင် နွေစပါး အခုပေါ်နေတဲ့အချိန်။ ပြီးခဲ့တဲ့နှစ် က ဆန်အဟောင်း၊ စပါးအဟောင်း လည်း ရှိတာဖြစ်တဲ့အတွက် ပြည်တွင်း ဖူလုံမှုက အပြည့်အဝ ရှိပါတယ်။ ဒါကြောင့်မို့ ပြည်သူ တွေအနေနဲ့ စိုးရိမ်ပူပန်စရာတော့ မရှိပါဘူး။ ဈေးနှုန်းတည်ငြိမ် အောင် ထိန်းသိမ်းဆောင်ရွက်နေ တဲ့အနေအထားလည်း ရှိပါတယ်။ ဒါကြောင့်မို့ ဆန်ဖူလုံမှု အပြည့် အဝရှိတယ်။ ပြည်တွင်းဆန်ဖူလုံ မှုက လက်ရှိဆန်အဟောင်း၊ စပါး ဟောင်းတွေလည်း ရှိတဲ့အတွက် စိုးရိမ်စရာမရှိပါဘူး"ဟု ဦးရဲမင်း အောင်က ပြောသည်။

အဓိကကျသည့် ဈေးကွက်ကြီး သုံးခုဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးသို့ ဆန်အဝင်၊ အထွက်မှန်ကန်ရန်နှင့် ဆန်ဈေး နှုန်းတည်ငြိမ်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန၏ လစဉ်ထုတ်သည့်ရည်ညွှန်း ဈေးနှုန်းဖြင့် ရောင်းချရန်လည်း တစ်ဖက်မှ ဖော်ဆောင်နေသည့် အနေအထားဖြစ်ပြီး တစ်ဖက်တွင် လည်း ပြည်သူလူထုအတွက် သက်သာသည့် ဈေးနှုန်းဖြင့် ရောင်းချပေးသည့် အစီအစဉ်များ လုပ်ဆောင်နေကြောင်း သိရသည်။

"ကျွန်တော်တိုလည်း တတ်နိုင် သလောက်လုပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ ဆန်စပါး ဈေးကွက်ကို ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်တာ မဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံက ပုဂ္ဂလိက ဈေးကွက်စီးပွားရေးစနစ်နဲ့ သွား တာဖြစ်တဲ့အတွက် ဝယ်တာ၊ ရောင်းတာကို တောင်သူတွေ ကလည်း လွတ်လွတ်လပ်လပ် ရောင်းနိုင်တယ်။ ဆန်စက်ပိုင်ရှင် တွေကလည်း လွတ်လွတ်လပ်လပ် ရောင်းနိုင်တယ်။ ဒါပေမဲ့ အခုတော့ ရည်ညွှန်းဈေး ရှိတာဖြစ်တဲ့ အတွက် ရည်ညွှန်းဈေးနဲ့အားလုံး ရောင်းရတဲ့အနေအထား ရှိတယ်။ ရည်ညွှန်းဈေးကို ကျော်လွန်ပြီး တော့ ဆောင်ရွက်လို့မရတဲ့အနေ အထားရှိပါတယ်။ ဒီအပေါ်မှာ လည်း ကျယ်ကျယ်ပြန့်ပြန့်သိရှိ လိုက်နာ ဆောင်ရွက်နိုင်အောင် လည်း တိုက်တွန်းပြီးစီစဉ်နေပါ တယ်။ လတ်တလောမှာကတော့ ဆန်ဈေးအနေနဲ့ပြောမယ်ဆိုရင် တည်ငြိမ်တဲ့ အနေအထားတစ်ခု ကိုရှိတယ်လိုတော့ အကြမ်းဖျင်း ပြောလို့ရတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

MT

## မြန်မာ ယူ-၁၂ အသင်း Training Match အဖြစ် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစား



U - 12 Junior Soccer World Challenge 2024 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၂ အသင်းသည် ယနေ့ နံနက်ပိုင်းက ပြိုင်ပွဲကျင်းပရာ ဂျပန်နိုင်ငံ၊ ချိဘားမြို့သို့ ရောက် ရှိခဲ့ပြီးနောက် နေ့လယ်ပိုင်းတွင် Training Match ပွဲစဉ်များအဖြစ် Daiwa အသင်း၊ Nadeshik အမျိုးသမီးအသင်း၊ ဘာစီလိုနာ အကယ်ဒမီ(ဂျပန်)အသင်းများ မိနစ် ၂၀စီ ခြေစမ်းပွဲများ ယှဉ်ပြိုင် ကစားခဲ့သည်။

ထိုသို့ ကစားရာတွင် မြန်မာယူ-၁၂ အသင်းသည် Daiwa အသင်းကို ၁ ဂိုး၊ ဂိုးမရှိ ဖြင့် ရှုံးနိမ့်ခဲ့ပြီး Nadeshik အမျိုး သမီးအသင်းကို ၁ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရကာ ဘာစီလိုနာ အကယ် ဒမီ(ဂျပန်) အသင်းကို ၄ ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပါသည်။

မြန်မာယူ -၁၂ အသင်းသည် U - 12 Junior Soccer World Challenge အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၂၀ ရက် မြန်မာစံတော် ချိန် နံနက် ၇နာရီ ၂၀ မိနစ်တွင် Tozuka Football Club Junior အသင်းနှင့် လည်းကောင်း၊ ဩဂုတ်၂၀ ရက် မြန်မာစံတော်ချိန် နံနက် ၈ နာရီ ၅၀ မိနစ်တွင် Kashima Antlers Norte အသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၂၁ရက် နံနက် ၇ နာရီ ၂၀မိနစ် တွင် F C Basara Hyogo အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင် ကစားသွားမည် ဖြစ်သည်။(NGB)